# သွေးစွန်းသောပယင်း

**စစ်တပ်၏ အရင်းအမြစ် သိမ်းယူမှုသည် ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းရှိ ဌာနေတိုင်းရင်းသား ပြည်သူများအား ဖယ်ရှားပစ်လိုက်သည်။**









# သွေးစွန်းသောပယင်း

စစ်တပ်၏ အရင်းအမြစ် သိမ်းယူမှုသည် ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းရှိဌာနေတိုင်းရင်းသား ပြည်သူများအား ဖယ်ရှားပစ်လိုက်သည်။

# မာတိကာ


အကျဉ်းချုပ် ............................................................ ၁

မိတ်ဆက် ............................................................ ၂

မြေပုံ။ ၂၀၁၈ ခု ဧပြီလ၊ ကချင်ဒေသတွင် အသစ် အိုးအိမ်မဲ့မှုများ

နောက်ခံသမိုင်းကြောင်း............................................................ ၃

ကချင်ပြည်နယ်နှင့် ဟူးကောင်းချိုင့်ဝှမ်းပယင်း

ပယင်းဒေသ။ ဌာနတိုင်းရင်းသား အခြေချသူတို့၏ မူရင်းဒေသ............................................................ ၇

ဟူးကောင်းချိုင့်ဝှမ်းတွင် ပယင်းတူးဖော်ခြင်း ............................................................ ၁၃

အသေးစား တူးဖော်မှု သမိုင်းကြောင်း

ပယင်းရုတ်တရက် တိုးမြင့်လာခြင်း ၂၀၁၀-၂၀၁၇

တရုတ်နိုင်ငံသို့တင်ပို့ခြင်း ............................................................ ၁၃

စစ်တပ် တိုးချဲ့မှုနှင့် ပယင်းဝင်ငွေ ............................................................ ၁၄

မြေပုံများ။ ကချင်ပြည်နယ်ရှိ မြန်မာ့တပ်မတော် တပ်ရင်းများ ၁၉၉၄-၂၀၀၆

ဟူးကောင်းချိုင့်ဝှမ်း ထိုးစစ် ............................................................ ၁၈

မိုးကောင်းကင်မှ သတိပေးချက်။ တိုက်ပွဲ စတင်ပြီ။

တိုက်ခိုက်မှု စတင်ပြီ။

ဟူကောင်းချိုင့်ဝှမ်း ထိုးစစ်-အချိန်ဇယား

ပယင်းမော်များကို ထိန်းချုပ်ရန် အစိုးရ၏ ခြေလှမ်းများ

နိုင်ငံတကာ အသိုင်းအဝိုင်းက နှုတ်ဆိတ်နေခဲ့ခြင်း

တိုက်ပွဲများ ဆက်ဖြစ်ပြီး တိုးမြင့်လာခြင်း

ထွက်ပြေးလွတ်မြောက်ခြင်း သို့ အကူအညီရရှိခြင်းမှ အရပ်သားများ တားမြစ်ခံရခြင်း

ရွှေ့ပြောင်း ဒုက္ခသည်များ တည်ရှိမှုကို အစိုးရက ငြင်းပယ်ခြင်း

တင်းကြပ်လာသည့် ထိန်းချုပ်မှု

မြေပုံများ။ ဟူးကောင်းချိုင့်ဝှမ်းတွင် မြန်မာစစ်တပ် တည်ရှိမှု

အစိုးရနှင့် စစ်တပ်၏ နောက်ယှက်စော်ကားမှု

တူးဖော်မှုများ ပြန်လည်စတင်ခြင်း

ထိုးစစ်အပေါ် ဒေသခံများ၏ တုန့်ပြန်ချက်များ ........................................................................ ၂၈
လူသားချင်းစာနာမှု အထောက်အပံ့- ဒေသခံများမှသာ
အိမ်ပြန်ရန် တောင်းဆိုမှု

သုံးသပ်ချက် ........................................................................................................ ၃၀
ကချင် သယံဇာတများအား မြန်မာ့တပ်မတော်မှ သိမ်းယူမှု အကြိမ်ကြိမ်ဖြစ်သည့် ပုံစံ
များယွင်းသည့်ကြွေးကြော်သံ အမှတ် (၁) သဘာဝ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်း
များယွင်းသည့်ကြွေးကြော်သံ အမှတ် (၂) သတ္တုတွင်းများ တရားဝင်ပြုလုပ်ခြင်းသည်
သယံဇာတများနှင့် ပြည်သူလူထု အကျိုးစီးပွား ကို ကာကွယ်ပေးသည်။

သုံးသပ်ချက်နှင့် အဖြေများ .................................................................................... ၃၄
နောက်ဆက်တွဲများ ............................................................................................ ၃၅
ဝေဟင်မှ သတိပေးအကြောင်းကြားစာကို ၂၀၁၇ ဇွန်လ ၅ ရက် နေ့တွင် ကျဲချခဲ့
ထိုးစစ်အပေါ် ကချင်နိုင်ငံရေးပါတီများ၏ သဘောထားထုတ်ပြန်ချက်
ဟူးကောင်းချိုင့်ဝှမ်း လွှတ်တော်ကိုယ်စားလှယ်မှ သမ္မတသို့ အိတ်ဖွင့်ပေးစာ
နိုင်ငံတော်သမ္မတရုံးမှ ရွာသားများသို့ ပြန်စာ
ကချင်ပြည်နယ် လွှတ်တော်ရုံးမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်သို့ ပေးစာ
ပယင်းတွင်းထိုးစစ်များကြောင့်နေရာရွှေ့ပြောင်းရသည့်အရပ်သားများကိစ္စအပေါ်
လွှတ်တော်ကိုယ်စားလှယ်များ၏ပေးစာ
လွှတ်တော် ကိုယ်စားလှယ်များမှ သမ္မတထံသို့ အဆိုပြုလွှာ
ဤအစီရင်ခံစာအတွက်ပြုလုပ်ခဲ့သော အင်တာဗျူးများ

## အကျဉ်းချုပ်

၂၀၁၈ ခုနှစ်တွင် မြန်မာအစိုးရတပ်ဖွဲ့များသည် ဌာနတိုင်းရင်းသား လူဦးရေကိုထပ်မံ မောင်းထုတ်ရန်နှင့် နယ်မြေ၏ ကြွယ်ဝသော သဘာဝသယံဇာတများနှင့် မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်းများ အပေါ် ထိန်းချုပ်မှုကို တိုးချဲ့ရန် ကချင်ပြည်နယ်တွင် သူတို့၏ စစ်ပွဲကို တစ်ဆင့်မြှင့် ခဲ့သည်။ တရုတ်နိုင်ငံ၏ ခါးပတ်ကွင်းနှင့် လမ်းပဏာမ ခြေလှမ်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်နှင့် အိန္ဒိယ ဆက်ထားသော သမိုင်းဝင် လီဒိုလမ်း လုံခြုံရန်နှင့် အကျိုးအမြတ်ကြီးမားများပြားလှသော ပယင်းတူးဖော်မှုများကို သိမ်းပိုက်ရန် ကြောက်မက်ဖွယ် အကောင်းဆုံးသော ထိုးစစ်ကြီးကိုကချင်ပြည်နယ်၏ အနောက်မြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းတွင် ပြုလုပ်ခဲ့ သည်။

ကချင်ပြည်နယ်၏ပယင်းသည်ကမ္ဘာ့ရတနာဖြစ်သည်။ ယင်းသည် ဒိုင်နိုဆော ခေတ်အတွင်း ဖြစ်ပေါ်သည့် တစ်ခုတည်းသော အမျိုးအစားဖြစ်သည်။ "သွေး ပယင်း" သည် ဟူးကောင်းချိုင့်ဝှမ်းတွင်သာ တွေ့နိုင်သည့် အလွန်အမင်းရှားပါးသော အနီရင့်ရောင် တွင်းထွက်အမျိုးမျိုး၏ တရုတ်အမည်ဖြစ်သည်။ ယင်းသည် မကြာသေးမီက ထိုးစစ်များအတွင်း မောင်းထုတ်ခံရသည့် ဒေသခံပြည်သူများ၏ ဖြစ်ရပ်များကိုလည်း ရက်စက်စွာ ထင်ဟပ်သည့် အမည်ဖြစ်သည်။

ပယင်းတူးဖော်ခြင်းလုပ်ငန်းရုတ်တရက်ကြီးထွားလာမှုသည် တရုတ်ဈေးကွက်မှ တောင်းဆိုမှုကြောင့် ၂၀၁၀ ခုနှစ်တွင် စတင်ခဲ့ပြီး မြန်မာနိုင်ငံ တလွှားမှ ထောင်ပေါင်းများစွာသော ရွှေ့ပြောင်း တူးဖော်ရေးလုပ်သားများဒေသတွင်းသို့ ဝင်ရောက်လာခြင်းကို ဖြစ်စေသည်။ ၂၀၁၅ ခုနှစ်တွင် နှစ်သန်းပေါင်း ၉၉ သန်းသက်တမ်းရှိအမွေးပါသော ဒိုင်နိုဆော၏အမြီးကို ဟူးကောင်းချိုင့်ဝှမ်းတွင် ထွက်ရှိသောပယင်းအတွင်း တွေ့ရှိခဲ့ပြီးနောက် နောက်ထပ် ကုန်သွယ်မှု ပိုအားကောင်းလာစေခဲ့သည်။

ဂေးလံခေါင်ဖျားသောပယင်းမော်ဇရိယာကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်ထားသော်လည်း အဖိုးတန်သယံဇာတကို ကချင်ပြည်နယ်မှတရုတ်နိုင်ငံအတွင်းသို့တင်ပို့ရာ မြန်မာတပ်မတော်က ပယင်းသယ်ပို့သည့် လမ်းကြောင်းများအားလုံးတွင် အခွန်ကောက်ခံသည်။ နှစ်စဉ် ကုန်သွယ်မှု တန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရှိမည်ဟု ခန့်မှန်းသည်။

၂၀၁၇ခုနှစ် ဇွန်လတွင် မြန်မာ့တပ်မတော်သည် ပယင်းကုန်သွယ်မှုကို အရင်းအမြစ်မှ လွှဲယူရန်ကြိုးပမ်းခဲ့သည်။သူတို့က လေယာဉ်သုံး၍ ပယင်းမော် ဧရိယာအပေါ်မှလက်ကမ်းစာစောင်များထောင်နဲ့ချီ ကျဲချခဲ့ပြီး ဒေသခံပြည်သူများအားလုံးကို ဆယ်ရက်အတွင်းရွှေ့ပြောင်းကြရန် အမိန့်ပေးထားပြီးမလိုက်နာပါက KIA သောင်းကျန်းသူများ အဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ပြောထားသည်။ ပြောင်းရွှေ့ရမည့်သူများမှာ မော်လုပ်သားများသာမက မျိုးဆက်ပေါင်းများစွာ ထိုနေရာတွင်နေထိုင်ပြီး တောင်ယာလုပ်ကိုင် စားသောက်လာခဲ့သော ဌာနေ တိုင်းရင်းသား ရွာသား ၅,၀၀၀ ခန့်လည်း ပါဝင်သည်။

ထိုးစစ်မှာ တစ်နှစ်နီးပါးကြာမြင့်ခဲ့သည်။ ထိုအတောအတွင်းတွင် အရပ်သားများမှာသူတို့၏ မြေယာများနှင့် ပိုင်ဆိုင်မှုများကိုသာသိမ်းယူခံရသည်မကသေးပဲ စစ်တပ်၏ စော်ကားနောက်ယှက်မှုနှင့် အကြမ်းဖက်မှုကိုပါခံကြရသည်။ ၂၀၁၈ ခုနှစ် ဇန္နဝါရီ ၂၆ ရက်တွင် အသက် ၃ နှစ်အရွယ်ကလေးတစ်ဦးအပါအဝင် အရပ်သားသုံးယောက်မှာ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။

၂၀၁၈ ခုနှစ် ဇန္နဝါရီတွင် အရပ်သား၃၀၀၀ ခန့်သည် ပဋိပက္ခဧရိယာအတွင်းပိတ်မိနေခဲ့

သည်။ မြန်မာ့ တပ်မတော်ကသူတို့ကို ဘေးကင်းရာသို့ ထွက်ခွင့်မပြုပဲ လုံလောက်သောအစားအစာ သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုမရှိပဲဆယ့်တစ်ရက် ကြာ ထိန်းထားခဲ့ပြီး လူသားချင်းစာနာထောက်ထားသောအကူအညီများ ပေးပို့မှုကိုလည်း တားမြစ်ထားခဲ့သည်။ ယနေ့ထိတိုင်အောင် ထောင်နှင့်ချီသော ပယင်းဒေသ၏ ဌာနေတိုင်းရင်းသားနေထိုင်သူများမှာ ယာယီတဲများဖြင့် မြို့ပေါ်ရှိ ဘုရားကျောင်းခြံဝင်းများတွင် နေထိုင်နေရပြီး ဒုက္ခသည်အဖြစ် အသိအမှတ် ပြုမခံရပဲ အိမ်မပြန်နိုင်ပဲ ရှိနေသည်။

ထိုးစစ်ဆင်နွှဲရန်အတွက် "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး" ဟူသောအဆိုကိုအကြောင်းပြချက် အဖြစ် အသုံးပြုထားသော်လည်း ထိုးစစ်စတင်ပြီးတစ်နှစ်အကြာမှာပင် ဒေသတွင်း ပယင်းတူးဖော်မှုများကို ထိန်းချုပ်မှုမရှိပဲပြန်လည်စတင်ခဲ့ခြင်းသည် မြန်မာ့စစ်တပ်၏ မှော်များကို  သိမ်းပိုက်လိုသောရည်ရွယ်ချက် အစစ်အမှန်ကို ပေါ်လွင်စေသည်။


ထိုးစစ်နောက်တွင် လိုက်ပါလာသော အစဉ်အမြဲ လုပ်ဆောင်နေကြ စစ်တပ်တိုးချဲ့မှုပုံစံနှင့် ကချင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအပေါ်စစ်တပ်နှင့် ဗဟိုအစိုးရ၏ အကျိုးစီးပွားအတွက် တူးဖော်ထုတ်လုပ်ရေး စီးပွားရေးလုပ်ငန်းများကို တောင့်တင်းခိုင်မာစေရေးအတွက် ဒေသခံဌာနေတိုင်းရင်းသားများ၏ နစ်နာဆုံးရှုံးမှု အပေါ်အခြေခံ၍ လုပ်ဆောင်ခြင်းဖြစ်သည်။ယခင်KDNG ၏မှတ်တမ်းတင်မှုများက ပြသထားပြီးဖြစ်သည်မှာ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ရန်ဟေး၍ အစိုးရစစ်တပ်သည် လွန်ခဲ့သည့် အနှစ် ၂၀ ကျော်ကာလအတွင်း ဟူးကောင်း ချိုင့်ဝှမ်းအတွင်း ကြီးမားကျယ်ပြန့်သော သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအတွက် တာဝန်ရှိသူဖြစ်သည်။ စစ်တပ်သည် ချိုင့်ဝှမ်းတလျှောက် အဖျက်စွမ်းအားကြီးမားသော ရွှေတူးဖော်မှုများကိုခွင့်ပြုခဲ့သည်၊ တရုတ်ဈေးကွက်အတွက် တသီးစားစိုက်ပျိုးမှု လုပ်ဆောင်ရန်အတွက် သစ်တောနှင့် စိုက်ပျိုးမြေဧကရာပေါင်း များစွာကို ယုဇနကုမ္ပဏီအား လုပ်ပိုင်ခွင့်ပေးခဲ့သည်။ အလားတူပင်အနီးအနားရှိ ဖားကန့်ကျောက်စိမ်းမှော်သည်လည်း စစ်တပ်မှကျောက်စိမ်း တူးဖော်မှုများ၏ ထိန်းချုပ်မှုကိုသိမ်းပိုက် လိုက်သည့်အချိန်မှစ၍ ဆတိုးကျယ်ပြန့်ခဲ့ပြီးဒေသခံပြည်သူများ၏ မြေယာများနှင့် နေထိုင်လုပ်ကိုင်စားသောက်မှုများကို ဆုံးရှုံးစေကာ အစိုးရနှင့် စစ်တပ်ထိပ်တန်းအလွှာများအတွက် ရောမအကျိုးအမြတ်ကို ထုတ်လုပ်ပေးနေခဲ့သည်။

ဗဟိုအစိုးရသည်ဌာနေတိုင်းရင်းသားပြည်သူများ၏ သူတို့၏မြေယာများပေါ်တွင် နေထိုင်နိုင်ရန်နှင့် သူတို့၏ ကိုယ်ပိုင်သယံဇာတအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ရန် အခွင့်အရေးကို အသိအမှတ်ပြုပြီး  ပယင်းဒေသမှအိုးအိမ်မဲ့ ရွှေ့ ပြောင်းနေရသူများကိုသူတို့နေအိမ်များသို့ ပြန်နိုင်ရန်ခွင့်ပြုပေးရန် အရေးယူဆောင်ရွက်မှုများကို ချက်ချင်းဆောင်ရွက်ပေးရမည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခပြေလည်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည် မရှိမဖြစ်လိုအပ်သည်။ ကချင်ပြည်နယ်ရှိ ပြည်သူများသည် သူတို့နေထိုင်လုပ်ကိုင်သော မြေပေါ်ရှိ သဘာဝသယံဇာတများကို ပိုင်ဆိုင်ရမည်၊ စီမံခန့်ခွဲခွင့်ရှိရမည်၊ ဝင်ငွေများရရှိနိုင်ရ မည်။

ကချင်ပြည်နယ်နှင့် အခြားမြန်မာနိုင်ငံရှိ ပဋိပက္ခဇုံများတွင် အရပ်သားများကို ကာ ကွယ်ရာတွင် ပံ့ပိုးနိုင်ရန်အတွက် နိုင်ငံ တကာ ဖိအားသည် အရေးပေါ်လိုအပ်သည်။ မြန်မာစစ်တပ်က ကချင်နှင့် အခြားသော တိုင်းရင်းသားလူမျိုးများ

အပေါ် ထိုးစစ်များကို ရပ်ဆိုင်းသည်အထိ နိုင်ငံခြားစီးပွားရေး ရင်းနှီးမြှုပ်နှံမှုများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရံပုံငွေထည့်ဝင်မှုများကို ရပ်ဆိုင်း ထားသင့်သည်။ တချိန်တည်းမှာပင် နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီများကို မိမိတို့ နေအိမ်များနှင့် အလုပ်အကိုင်များမှ ဗဟိုအစိုးရ၏ ရန်လိုမှုကြောင့် ရွှေ့ပြောင်း နေထိုင်နေရ သည့် လူမှုအသိုင်းအဝိုင်း များအား ကူညီရန် ပေးပို့သင့်သည်။




သတ္တုတွင်းများ၊ လီဒိုလမ်းနှင့် ရေကာတာစီမံကိန်း နေရာများကို KDNG မှ ဖြည့်စွက်သည်။


# မိတ်ဆက်

၂၀၁၈ ခုနှစ်တွင် မြန်မာအစိုးရတပ်ဖွဲ့များ သည်နယ်မြေ၏ကြွယ်ဝသောသဘာဝသယံဇာတ များနှင့် မဟာဗျူဟာမြောက် ကုန်သွယ်ရေး လမ်းကြောင်း များအပေါ် ထိန်းချုပ်မှုကို တိုးချဲ့ရန် ကချင်ပြည်နယ်တဝှမ်းတွင် သူတို့၏စစ်ပွဲကို တစ်ဆင့်မြှင့် ခဲ့သည်။ အင်ဂျန်းယန် မြို့နယ်အတွင်း ထိုးစစ်သည် စီစဉ်ထားသောမြစ်ဆုံ ရေကာတာ စီမံကိန်း၏ မြောက်ဖက်မှ ထောင်နှင့်ချီသော ကချင် ရွာသားများကို ရှင်းလင်း ပစ်ခဲ့သည်။ ဖားကန့်ဒေသမှထိုးစစ်သည် ထပ်မံ၍ ကျောက်စိမ်းတွင်းများ ပတ်ဝန်းကျင်ရှိ တောင်တန်း များပေါ်မှ ရွာသားများအား ရှင်းလင်းပစ်ခဲ့သည်။

သို့ရာတွင် ကြောက်မက်ဖွယ်အကောင်းဆုံးထိုးစစ် ဟူးကောင်းချိုင့်ဝှမ်းတွင် ဖြစ်ပွားခဲ့သည်။ ယင်းသည် အိန္ဒိယနှင့် တရုတ် ကို ဆက်သွယ် ထားသော တရုတ်၏ ခါးပတ်ကွင်းနှင့် လမ်း ပဏာမ ခြေလှမ်း ၏ အစိတ်အပိုင်း ဖြစ် သော သမိုင်းဝင် လီဒိုလမ်းမကြီးကို လုံခြုံစွာ ထိန်းချုပ်ရန်နှင့် ဧရိယာ၏ အကျိုးအမြတ်များသော ပယင်းမော်များကို သိမ်းပိုက်ရန် ရည်ရွယ်သည်။

ဤအစီရင်ခံစာသည် ဟူးကောင်းချိုင့်ဝှမ်းတွင် ပယင်းမော်များ၏ သမိုင်းကြောင်း၊ ထိုးစစ်ကို မည်သို့ လုပ်ဆောင်ခဲ့သည်နှင့် နယ်မြေအတွင်းရှိ ဌာနေတိုင်းရင်း သား နေထိုင်သူများ၏ ဆုံးရှုံးမှုများ အကြောင်းကို အသေးစိတ် ဖော်ပြ ထားသည်။ ဤဒေသမှ လူ နှစ်ဆယ့် တစ်ဦးနှင့် အသေးစိတ် အင်တာဗျူးများ အပေါ် အခြေခံထားသည်။

ဤအစီရင်ခံရေးသားခြင်းသည် ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ဒေသခံဌာနေတိုင်း ရင်းသား များ၊ မြေယာနှင့် ပယင်းမော်များ၏ သမိုင်းကြောင်းကို ကောင်းမွန်စွာ နားလည် သိရှိ စေဖို့အတွက် အထောက်အကူဖြစ်စေရန်ဖြစ်သည်။ သံယံဇာတဆိုင်ရာ ပြဿနာ အရင်းအမြစ်များနှင့် ဖြေရှင်းချက်အဖြေများ ကိုသုံးသပ် တင်ပြ ထားပါသည်။ ဤအစီရင်ခံစာသည်ဟူးကောင်းချိုင့်ဝှမ်း ဒေသရှိ ဒေသခံဌာနေ တိုင်းရင်းသားများမှသံယံဇာတဆိုင်ရာ ထုတ်ယူသုံးစွဲမှုနှင့် အနာဂတ် မျိုးဆက်သစ် များ၏ ရေရှည် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ တွင် ပိုမိုပါဝင်နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ခွင့်ပြုပါဝင် နိုင်ရန် အဆိုပြုတင်ပြထားသော အစီရင် ခံစာ ဖြစ်ပါသည်။



စာရေး

အထွေထွေအတွင်းရေးမှူး

Kachin Development Networking Group

**နောက်ခံသမိုင်းကြောင်း**

ကချင်ပြည်နယ်သည် စိမ်းလန်းစိုပြေသော မြေပြန့်ချိုင့်ဝှမ်းများကို ရှည်လျားသော တောင်တန်းများကို ဖုံးအုပ်ထားသည့် မြေဖြစ်သည်။ မြစ်များက ဖြေလျော့ထားသော ချည်ခင်သဖွယ် ကောက်ကွေ့ နေပြီးရေဂေတီ မြစ်သည် ဟိမဝန္တာ တောင်တန်းမှ ရန်ကုန်နှင့် အန်ဒမန်ပင်လယ် အတွင်းသို့ စီးဆင်းလျက်ရှိသည်။ မြောက်ဖက်တွင် တိဘက်တည်ရှိပြီး တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံ အကြားတွင် တည်ရှိသည့် ကချင်ပြည်နယ်သည် ကချင်၊ နာဂနှင့် ဤဒေသတွင် နှစ်ပေါင်းရာစုနှစ် များစွာ နေထိုင်ခဲ့သော အခြားတိုင်းရင်းသား လူမျိုးများ၏ အမိမြေဖြစ်သည်။ ကချင် ပြည်နယ် သည် ရွှေ၊ အပါအဂင် ဓါတ်သတ္တု သယံဇာတ ပေါကြွယ်ဂသည်၊ ကမ္ဘာတွင် ကျောက်စိမ်းအများဆုံး ရှိရဖြစ်ပြီး ပယင်း ရုပ်ကြွင်းများမှာ ဒိုင်နိုဆောခေတ်မှ စတင်ခဲ့သည်။


ဟူးကောင်းချိုင့်ဝှမ်းသည် ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနား၏ အနောက်မြောက်ဖက် တနိုင်းမြို့နယ်တွင် အဓိကတည်ရှိသည်။ တနိုင်းမြို့နယ်ကို ကျေးရွာအုပ်စု ၁၇ခု ခွဲထားပြီး စုစုပေါင်းကျေးရွာ ၆ဂ ရှိသည်။ မြို့နယ်၏ တရားဂင်လူဦးရေမှာ ၂ဂဂ၅ ခုနှစ်တွင် ၃၂,၉၈၁ ဦး ဖြစ်သော်လည်း ၂ဂ၁၇ ခုနှစ်သို့ရောက်သော အခါ ရွှေနှင့်ပယင်းမော်များသို့ မြန်မာနိုင်ငံ၏ အခြားသော ဒေသများမှ ရွှေပြောင်းအလုပ်သမား ၁ဂဂ,ဂဂဂ ခန့်ရှိလာသည်။

အစဉ်အလာအားဖြင့်ထိုဒေသကိုကချင် မျိုးနွယ်စု ခေါင်းဆောင် ၁၂ ဦးက အုပ်ချုပ် ခဲ့ပြီး ဗြိတိသျှ ကိုလိုနီ ကာလအတွင်းတွင်ပင် သူတို့၏ အုပ်ချုပ်မှုကို အသိအမှတ်ပြုခဲ့ သည်။ အိမ်ထောင်စု အခွန်ငွေများကို ဗြိတိသျှနှင့် ကချင်ခေါင်းဆောင်များ တဂက်စီ ခွဲဂေပြီး ခေါင်းဆောင်များက နောက်ထက် တဂက်ခွဲ၍ ဒေသခံ ရွာသူကြီး များကို ပေး သည်။ ထိုနည်းဖြင့် ဒေသခံနှင့် နိုင်ငံအဆင့် အုပ်ချုပ်သူတို့အကြား အခွန်ငွေကို ခွဲဂေခဲ့ ကြသည်။
ဒုတိယ ကမ္ဘာစစ်မတိုင်မီ ဟူးကောင်း ချိုင့်ဝှမ်းကို ဒေသဆိုင်ရာ ခေါင်းဆောင် ၁၂ ဦးက အုပ်ချုပ် သည်။ သူတို့သည် ရိုးရာပွဲတော် များ တွင် တွေ့ဆုံကြပြီး ဒေသကို မည်သို့အုပ်ချုပ်မည်ကို တိုင်ပင်ကြသည်။ ဗြိတိသျှတို့ ရောက်လာသော အခါ အခွန်ကောက်ခြင်းကို စတင်ကျင့်သုံးသည်။ တစ်အိမ်လျှင် တစ်ကျပ် ကောက်ခံခဲ့ပြီး ပြား ၅ဂ မှာ ဗြိတိသျှ အစိုးရ အတွက် ဖြစ်ပြီး ကျန် ပြား၅ဂ မှာ ဒေသခံ ခေါင်းဆောင် (Mung Du) အတွက် ဖြစ်သည်။ ဒေသခံခေါင်းဆောင်သည် သူရ ရှိသော ဂေစုထဲမှ ၂၅ ပြားကို ရွာလူကြီးများ အတွက် ထပ်ဆင့်ပေးပြန်သည်။ ဤသို့ဖြင့် သူတို့သည် မြေယာနှင့် လူဦးရေကို စီမံခန့်ခွဲခဲ့ကြ သည်။ (အင်တာဗျူး အမှတ် ၆)

ချင်းတွင်းမြစ်၏ အဓိကမြစ်ဖျားဖြစ်သော တနိုင်းမြစ်ကမ်းပေါ်ရှိ မြေဩဇာကောင်းသော နုံးတင်မြေနကြောင့် ဟူးကောင်း ချိုင့်ဝှမ်းသည် ကျယ်ပြန့်သော စိုက်ပျိုးမြေဖြစ်သည်။ ဒေသခံ ပြည်သူများသည် မြေနိမ့်ဒေသများတွင် မိုးစပါး ကို စိုက်ပျိုးပြီး တောင်ပေါ်ဒေသများတွင် ရွှေပြောင်း တောင်ယာစနစ်ကို ကျင့်သုံးကြကာ အိမ်မွေး တိရစ္ဆာန်များ မွေးမြူကြသည်။ထို့အပြင် သူတို့သည်အမဲလိုက်ခြင်း၊ ငါးမျှားခြင်း သစ်သီးနှင့် သစ်တောထွက် ပစ္စည်းများဖြင့် ဖြည့်တင်း ကြသည်။

မြန်မာ့ပယင်း သို့မဟုတ် ဘားမိုက်ကိုတရုတ် မှတ်တမ်းများတွင် အစောဆုံး အေဒီ၁ရာစုနှစ် တွင် မှတ်တမ်းတွေ့ရှိရသည်။ ဘားမိုက်ကို

ကချင်ပြည်နယ် ဟူးကောင်း ချိုင့်ဝှမ်းတွင် တူးဖော်ရရှိပြီး နှစ် သန်းပေါင်း ၁၀၀သက်တမ်း ရှိကာ ကမ္ဘာပေါ်ရှိ အခြားသောဒေသများမှ ပယင်းထက် အနည်းဆုံး ၂ ဆသက်တမ်းရှိသည်။ အလွန်ကြည်လင်ပြီး အခြားသောပယင်း အမျိုးအစား များထက် ပိုမိုမာသည်ဟု သိထားကြသည်။ ပယင်းသည် သစ်ပင်မှအစေးများ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်လာခြင်းဖြစ်ပြီး တရုတ်ရိုးရာ ဆေးပညာအရ ကုသမှု စွမ်းရည်ရှိသော အဖိုးတန်ကျောက်မျက် ၅ ခုမှ တစ်ခုဖြစ်သည်။ ပယင်းအစအနများသည် တစ်ခါတစ်ရံ အင်းဆက်များ၊ ငှက်များနှင့် တွားသွားသတ္တဝါများကို ငုံထားပြီး ယင်းတို့သည် သစ်စေးထဲတွင် နှစ်ပေါင်းသန်းနှင့်ချီ၍ ပိတ်မိနေခြင်း ဖြစ်သည်။



ဓာတ်ပုံ - နှင်းလွင်

မြစ်ကြီးနား ပယင်းဈေးမှ ဘားမိုက် အပိုင်းအစအတွင်း ပိတ်မိနေသော အင်းဆက်ပိုးများ



မြစ်ကြီးနားဈေးမှ သွေးပုယင်းအပိုင်းအစ တစ်ခု

ဘားမိုက်ကို အနီရင့်ရောင်အဖြစ် - တရုတ် ဘာသာဖြင့် ဆူပို xuepo(血珀) တနည်းအားဖြင့် ဆိုသော် တရုတ်ဈေးကွက်တွင် အထူးလူကြိုက်များသော "သွေးပယင်း"အဖြစ် တွေ့ကြရသည်။ သွေးပယင်းသည် တရုတ်အမည်ဖြစ်ပြီး ကချင်ပြည်နယ်တွင်သာ တွေ့ရသော ရှားပါး သည့် အနီရင့်ရောင်ရှိသော ပယင်းဖြစ်သည်။

ကချင်ပြည်နယ်ပယင်းသည် ဒိုင်နိုဆောခေတ် အတွင်း ဖြစ်တည်ခဲ့သည့် ကမ္ဘာတွင်တစ်ခုထဲသော ပယင်း ဖြစ်သည်။ ဘားမိုက်သည်

နှစ်သန်း ပေါင်း ၁၀၀ ခန့် သက်တမ်းရှိပြီး ကမ္ဘာ့အခြားဒေသများမှ ပယင်းများမှာ နှစ်သန်းပေါင်း ၃ မှ ၄၀ ခန့် သက်တမ်းရှိကြသည်။ ဟူးကောင်းချိုင့်ဝှမ်း ပယင်းတွင် သိပ္ပံပညာရှင်များသည် မျိုးတုန်း ပျောက်ကွယ်သွားပြီဖြစ်သော ငှက်များ၊ တွားသွားသတ္တဝါများ၊ အင်းဆက်များ၏ မျိုးစိတ်များနှင့် ဒိုင်နိုဆော၏ အစိတ်အပိုင်းများကိုပင် တွေ့ရှိခဲ့ကြသည်။

ယင်းတို့ အထဲ တွင် နာမည်အကျော် ကြား ဆုံးမှာ ၂၀၁၅ ခုနှစ်တွင် သက်တမ်း နှစ်သန်း ပေါင်း ၉၉ ရှိပြီဖြစ်သည့် အမွေးပါသော ဒိုင်နိုဆော အမြီးကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။



ကချင်လူမျိုးများ တနိုင်းတွင် ရိုးရာ မနောပွဲ ကျင်းပနေပုံ

## ဌာနေတိုင်းရင်းသား နေထိုင်သူများ၏ နေရပ်

ဟူးကောင်းချိုင့်ဝှမ်း ပယင်းဒေသတွင် အဓိက ကျေးရွာ ငါးရွာ ရှိသည်။ နမ့်ဗျူ နမ့်ခမ်း၊ နမ့်ဂေါင်၊ ထန်းဘရာ၊ အင်ဂါးဂါ နှင့် ဂေလော် တို့ဖြစ်သည်။ စုစုပေါင်းလူဦးရေ ခန့်မှန်းခြေ ၄,၇၂၅ ဦးရှိသည်။ ဤရွာများ အားလုံးသည် ဗြိတိသျှကိုလိုနီလက်ထက် မတိုင်မီကတည်းက တည်ရှိခဲ့ပြီး ကချင်လူမျိုးစုများ နေထိုင်ခဲ့ကြသည်။

အစောပိုင်းတွင် ဖော်ပြသည့်အတိုင်းဟူးကောင်းချိုင့်ဝှမ်းကို ဗြိတိသျှတို့ မရောက်မီက  ကချင်ခေါင်းဆောင်များက အုပ်ချုပ်ခဲ့သည်။


နမ့်ဗျူနမ့်ခမ်းနှင့် အင်ဂါးဂါ ရွာများကိုဂါလောဘွမ်ဒူဂါ၊ အနိုင်းဒူဂါနှင့် လဖိုင်ဒူဂါ (ဒူဂါဆိုသည်မှာ ကချင်ခေါင်းဆောင်များကို ခေါ်သည်) တို့က အုပ်ချုပ်ခဲ့သည်။

ဗြိတိသျှတို့ရောက်လာ သောအခါ နှင့် ပါလီမာန်စနစ်အောက်တို့တွင် ဒူဂါများက ဤနယ်မြေကို ဆက်လက်အုပ်ချုပ်ခဲ့ကြသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ကျေးရွာများကို ကျေးရွာကောင်စီစနစ်ဖြင့် ဆက်လက် စီမံခန့်ခွဲခဲ့သည်။

၁၉၆၆ ခုနှစ် စစ်တပ်ထိုးစစ်တိုက်ခိုက်မှုများ အပြီးတွင် ပြည်ထောင်စု အစိုးရသည် ခါဆန်၊ ကောင်ဂျာ၊ ကာအန်ဂရင်းဂျာ၊ ဂျာအောင်ယန်၊ ဆမ်ဆာ၊ ပါလန်၊ ဒင်ခွန်၊ နမ့်ခမ်းပါ၊ နောင်ဂမ် နှင့် ဇီကောင်းရွာများမှရွာသားများအား

စုစည်းကျေးရွာအဖြစ် နမ့်ဖျူနမ့်ခမ်းတွင် ပေါင်းစည်းထားခဲ့သည်။ သို့ဖြစ်ရာ နမ့်ဖျူနမ့်ခမ်းသည် ယနေ့တွင် ထိုနယ်မြေအတွင်း ရှာငါးရွာအနက် အကြီးဆုံးဖြစ်သည်။ ပြည်ထောင်စုအစိုးရက ရွာများအားအသိအမှတ်ပြုထားပြီး အမျိုးသားမှတ်ပုံတင် (နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးခြင်း ကို ထောက်ခံသည်။ ရွာသာများသည် အစိုးရစစ်တပ်အတွက်အလုပ်လုပ်ပေးရပြီး လယ်သမားများကအစိုးရကိုစပါးအခွန်ပေးဆောင်ရသည်။ ၁၉၈၈နောက်ပိုင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် နမ့်ဖျူနမ့်ခမ်းရွာတွင် ရွာလူကြီးအဖြစ် ဦးလရှီနော်ကို ခန့်ထားခဲ့သည်။ ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)နှင့် မြန်မာအစိုးရတို့ အကြား ၁၉၉၄ခုနှစ် တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရပြီး နောက်တွင် နမ့်ဖျူနမ့်ခမ်းတွင်အလယ်တန်းကျောင်း၊ ရွာဆေးပေးခန်းနှင့် အခြားအခြေခံအဆောက်အဦများဖြင့် တိုးတက်လာသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံပြီးသည့်အခါ ရွာများသည်ပြည်ထောင်စု၏စီမံ ခန့်ခွဲမှုစနစ်ကို ပံ့ပိုးမှု ပေးကြရသည်။ နမ့်ဖျူနမ့်ခမ်းနှင့် အင်ဂါး ဂါရွာများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် အမှတ် ၂ ၏ အစိတ်အပိုင်းများဖြစ်သည်။ ဤအချက် အလက်များ အားလုံးသည် အရေးပါသည် အဘယ်ကြောင့်ဆိုသော် ရွာများသည် ရွှေ့ပြောင်းလာသောကျင်းသမားများကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ပဲကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်များဖြင့် နေထိုင်ကြသည့် ကချင်ရွာသားများ အဆက်ဆက်က အခြေချနေထိုင်ခဲ့ကြောင်း သက်သေပြသခြင်းကြောင့် ဖြစ်သည်။

| စဉ် | ကျေးရွာ | အိမ်ထောင်စု | လူဦးရေ |
|---|---|---|---|
| ၁ | အင်ဂါးဂါ | ၅၀ | ၂၀၀ |
| ၂ | ဝိုင်လော် | ၂၄ | ၁၀၅ |
| ၃ | ထန်ဘာရာ | ၅၀ | ၂၂၀ |
| ၄ | နမ့်ဂေါင် | ၂၀၀ | ၁၂၀၀ |
| ၅ | နမ့်ဖျူနမ့်ခမ်း | ၇၀၀ | ၃၀၀၀ |



ဓါတ်ပုံ- နမ့်ဖျူ-နမ့်ခမ် နေဝင်ချိန်။ ရွာသားများသည် တောင်ယာစပါးနှင့် ကွင်းစပါး နစ်မျိုးစလုံး စိုက်ပျိုးသည်၊ လိမ္မော်ခြံများလုပ်ပြီး ဂက်၊ ကြက်၊ နွားနှင့် ကျွဲများ မွေးမြူကြသည်။ မျိုးဆက်အဆက် ဆက်တွင် သူတို့သည် လယ်ယာလုပ်ငန်း ဖြင့် လုံလုံလောက်လောက် အသက်မွေး ဝမ်းကျောင်းနိုင်ကြသည်။

## ဟူးကောင်းရှိ ပယင်းမှော်များ

ဒေသခံများ၏အဆိုအရ မြန်မာဘုရင်များ ခေတ်ကပင် ဟူးကောင်းချိုင့်ဝှမ်းသည် "ပယင်း နယ်နမိတ်" အဖြစ် သိရှိခဲ့ကြ သည်။ အဓိကပယင်းစုစည်းမှုများကို တနိုင်းမြို့မှ အနောက်တောင်ဖက် ကီလိုမီတာ ၂၀ အကွာရှိ နိုင်ဂျယ်ဘွမ် ("ညောင်ပင်တောင်") ၏ တောင်စောင်းများ တွင် တွေ့ရှိခဲ့ကြသည်။

ဒေသခံ အသက်အရွယ်ကြီးရင့်သူ၏အဆိုအရ ဗြိတိသျှ လက်ထက်ကတည်းက ပယင်းကို တူးဖော် ခဲ့သည်။ ထိုစဉ်ကတောင်ပေါ်မှချောင်းများကို ပိတ်ဆို့ထားခဲ့ကြပြီး ရေလွှတ်လိုက်သောအခါတွင် ပယင်းများကို မြေပေါ်တွင်ပေါ်လာစေသည်။ နွေကာလတွင် လေးပေ ပတ်လည် ကျင်းများတူးပြီး ပယင်းကို ရှာဖွေခဲ့သည် သို့သော်လည်း ကျင်းများ မနက်ပေ။

ပထမတွင် လူများသည် ပယင်းကျောက်များကို တောင်ကျရေများ တိုက်စားရာမှ တွေ့ရှိခဲ့ကြပြီး အမျိုးသမီးများကဆလင်ဒါပုံ ကျောက်ကလေးများကို နားကပ်အဖြစ် ဝတ်ဆင်ကြသည်။ ဗြိတိသျှတို့ ရောက်ရှိ လာပြီးနောက်တွင် ဟောင်ကောင်မှတရုတ်ကုန်သည်အချို့ရောက်ရှိလာပြီး အိမ်သုံးပစ္စည်းများရောင်းချခဲ့ကြသည်။ တရုတ်တို့သည် ဤဒေသတွင်ပယင်းကိုတွေ့ရှိခဲ့ကြပြီး ကန်တုံ မှ တရုတ်များနှင့်အတူ ပယင်းများကို စတင်တူးဖော်ခဲ့ကြ သည်။ ထိုအချိန်တွင် ကျွန်ုပ်၏ ဖခင်မှာ မြေတိုင်းဌာန အရာရှိဖြစ်ပြီး သူနှင့်အတူ အလုပ်လုပ်ရန် ဗြိတိသျှ ရဲသား ၆ ဦး ပါလာခဲ့သည်။


ပယင်းဒေသမှ ကချင်ခေါင်းဆောင် အနိုင်းတန်သည် ပယင်းမှ အခွန်ကောက်ခဲ့ သည်။ ကချင်ခေါင်းဆောင်များသည် ပယင်း လုပ်ငန်းကို အခွန်မဲ့လုပ်ခွင့်ရကြသည်။ ဟောင်ကောင်နှင့် ကန်တုံမှ တရုတ်များက ပယင်းကို အသုံးအဆောင် များနှင့် လဲလှယ်ကြသည်။ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် ပယင်းကုန်သွယ်ရေးမှာ မှေးမှိန်လာခဲ့ပြီး KIA အစပိုင်းကာလများတွင် ပယင်းသည် လူကြိုက်မများခဲ့သေးပေ။
(အင်တာဗျူး အမှတ် ၆)

ဗြိတိသျှကိုလိုနီအစိုးရအောက်တွင် ဟူးကောင်းချိုင့်ဝှမ်းတွင် ၁၈၃၀ ခုနှစ်များ မှစ၍ ပယင်းကို တူးဖော်ခဲ့ကြသည်။ ၁၉၄၈ ဗြိတိန်ထံမှ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင် ၂၀၀၇ ခုနှစ် အသေးစားလုပ်ငန်းအနည်းငယ် စတင်ခဲ့သည့် အချိန်အထိ ဟူးကောင်းချိုင့်ဝှမ်းတွင် သိသာထင်ရှားသော ပယင်းတူးဖော်မှု မရှိခဲ့ပေ။ ၁၉၉၀ နောက်ပိုင်းခုနှစ်များတွင် ဒေသခံ ဒူဝါမှ ဆင်းသက်လာသူတို့သည် (တရုတ်နိုင်ငံ) ထိန်ချုန်းတွင် ပယင်းများရောင်းရန် ကြိုးစားခဲ့သော်လည်း စိတ်ဝင်စားမှုမရှိခဲ့ပေ။ ယင်းသည် ၂၀၀၀ ခုနှစ်များတွင် ပြောင်းလဲလာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဒေသခံပြည်သူများသည် ရင်ဂေါင်းခန့်နက်သောတွင်းများကို စတင်တူးပြီး ပယင်းကို ရှာဖွေခဲ့ကြသည်။ ၂၀၀၉ ခုနှစ် ရောက်သောအခါ တရုတ်တွင် ပယင်းဈေးကွက် စတင်ပေါ်ထွန်းလာခဲ့ပြီးနောက် ထပ်လူများ တနိုင်းသို့ပိုမိုရောက်ရှိလာကြပြီး ပယင်းတူးခြင်းဖြင့် ကံစမ်းလာကြသည်။ ထိုအချိန်တွင် မည်သည့်အခွန်မျှမပေးရပဲ ပြည်သူများသည် ပယင်းကို လွတ်လပ်စွာ တူးခဲ့သည်။ ယင်းမှာ ၂၀၁၀ ခုနှစ် တရုတ်ဈေးကွက်မှ ပယင်းတောင်းဆိုမှု တိုးမြင့်လာသော အခါတွင် ပြောင်းလဲသွားခဲ့သည်။



ဓါတ်ပုံ - ခွန်းလတ်/NRGI

ရန်ကုန်ဗိုလ်ချုပ်ဈေးတွင် ပြသထားသည့် ဟူးကောင်းချိမ့်ပှမ်းမှ ပယင်း



ဓါတ်ပုံ - ခွန်းလတ်/NRGI

ဟူးကောင်း ပယင်း ဒေသ။ ၂၀၁၇ ခုနှစ်တွင် ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အခြားဒေသများမှ အလုပ်သမား ၁၀၀,၀၀၀ အထိသည် အကြမ်းအားဖြင့် ကျင်းပေါင်း ၁၀၀ တွင် အလုပ်လုပ်လျက်ရှိသည်။ တွင်းပိုင်ရှင် အများစုမှာ အသေးစား လုပ်ငန်း ရှင်များ ဖြစ်ကြသည်။





ကျင်းသမားများက အဓိက နည်းလမ်း နှစ်မျိုးအသုံးပြုသည်။ ပထမတမျိုးတွင် ၄-ပေ ပတ်လည် ကျင်းများကို မြေပြင်မှ ပေ ၃၀ မှ ၄၀ အနက်ထိတူးကြသည်။ ယင်းမှ ပယင်းရှိနိုင် မည်ဘက်များသို့ ဘေးတိုက် လိုဏ်ပြန်တူးသည်။ ဒုတိယ နည်းမှာ ချောင်းရေကို စုထားပြီး ရေပိုင်ခေါင်းများကို အသုံးပြု၍ ပယင်းများကို ရေဖြင့် မျောထုတ်ခြင်းဖြစ်သည်။



ဓါတ်ပုံ - ခွန်းလတ်/NRGI

အနီးအနားတောအုပ်များထဲမှ ဂါးနှင့် သစ်သားတိုင်များကိုခုတ်ယူပြီး မြေအောက်ကျင်း လမ်းကြောင်း တလျှောက် ထောက်တိုင်များအဖြစ် ထောက်ထားကြသည်။ မြေကြီးနှင့် ကျောက်တုံးများကို စက်သီးနှင့် ပုံးများကိုသုံး၍ မိုင်းလမ်းကြောင်းမှ သယ်ထုတ်ကြသည်။



ဓါတ်ပုံ - ခွန်းလတ်/NRGI



ဓါတ်ပုံ - ခွန်းလတ်/NRGI

မြေအောက်တွင် အလုပ်လုပ်ရသည်မှာ အလွန်အန္တရာယ်များသည်။ လိုင်ခေါင်းများမှာ အနည်းငယ် တုန်ခါရုံဖြစ်ပင် ပြိုကျနိုင်သောကြောင့် ဖြစ်သည်။ နောက်ပြဿနာ တစ်ခုမှာ အောက်ဆီဂျင် နည်းပါးခြင်းဖြစ်သည်။ ကျင်းသမားများသည် မြေပေါ်နှင့် ဆက်ထားသော ပလပ်စတစ် ပိုက်များမှ တဆင့် အသက်ရှူကြရသော်လည်း တစ်ခါတရံ ပိုက်ကွဲခြင်း သို့မဟုတ် ပိုက်ဆက်ပြုတ်ခြင်း များရှိတတ်သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ နောက်ဆုံးပတ်တွင် အောက်စီဂျင် ပြတ်သောကြောင့် ပယင်းကျင်းတူးသမား ၃ ဦး

## တရုတ်နိုင်ငံသို့ တင်ပို့ခြင်း

ပယင်းအရိုင်းကိုတောလမ်းမှတဆင့် မော်နယ်မြေမှ သယ်ယူပို့ဆောင်ပြီး တနိုင်းမြို့သို့ စက်လှေများဖြင့် သယ်ယူကြသည်။ ထိုမှတဆင့် ကားလမ်းဖြင့် မြစ်ကြီးနားသို့ ပို့ဆောင်သည်။ ထိုမှ ပယင်းအများစုကို ကမ်ပိုင်တီနယ်စပ်မှတဆင့် တရုတ်ပြည်အနောက်တောင်ပိုင်း ထိန်ချုံးသို့ တိုက်ရိုက်ပို့ဆောင်ကြပြီး ထိုမှတဆင့် ယူနန်ပြည်နယ် အခြားမြို့များသို့ ပို့ဆောင်သည်။ ပယင်းပမာဏ အနည်းအကျဉ်းကိုသာ မြန်မာနိုင်ငံ၏ အခြားဒေသများသို့ ပို့ဆောင်သည်။ ဤသယ်ယူပို့ဆောင်မှု အဆင့်တိုင်းတွင် မြန်မာစစ်တပ်နှင့် အစိုးရဌာနပေါင်းစုံက ပယင်းကုန်သွယ်မှုမှာ အခွန်များကောက်ယူ ကြသည်။ ယင်းဝင်ငွေများ၏ စာရင်းဇယား များကို တရားဝင်ထုတ်ပြန်ခြင်း မရှိသကဲ့သို့ ယင်းတို့ကို မည်သို့ သုံးစွဲသည်ကိုလည်း ကြေညာခြင်းမရှိပေ။ တနိုင်း၊ မြစ်ကြီးနားနှင့် ပိုင်းမော်တို့တွင် ကျောက်ဖြတ်ခြင်းနှင့် အရောင်တင်ခြင်းလုပ်ငန်းငယ်အချို့ရှိသော်လည်း ကျောက်သွေး ကျောက်ဖြတ် အချောကိုင်လုပ်ငန်းအများစုမှာ လက်ကားစနစ်ဖြင့် တင်ပို့သော တရုတ်နိုင်ငံတွင် ဖြစ်သည်။ ထိန်ချုန်းယဉ်ကျေးမှု လုပ်ငန်းရုံးက တရုတ်နိုင်ငံထိန်ချုန်းတွင်ပယင်းကုန်သွယ်မှု အဝင်အထွက်တန်ဖိုးမှာ ၂၀၁၅ခုနှစ် တစ်ခုတည်းတွင်ပင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရှိမည်ဟု ခန့်မှန်းသည်။ ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတများမှာ ဖျက်ဆီးခံရခြင်၊ ထုတ်ယူခံရခြင်းနှင့် တင်ပို့ရောင်းချခြင်းတို့ရှိသော်လည်း ပြည်နယ်အတွင်းရှိ လူအနည်းစုသာ ယင်းသယံဇာတများ၏ တန်ဖိုးသေးငယ်သော အစိတ်အပိုင်းမျှသာအကျိုးအမြတ်ရရှိသည်။ တန်ဖိုး ဖြည့်စွက်မှု လုပ်ငန်းများ၏ စီးပွားရေး အကျိုးကျေးဇူးများမှာလည်း အားလုံးနီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့သည်။



ပိုင်းမော်တွင် အလုပ်သမားအချို့က ပယင်း အချောကိုင်ခြင်းဖြင့် ပယင်း ကုန်သွယ်မှုမှ အကျိုးအမြတ်ရရှိရန် ကြိုးပမ်းကြသည်။

## စစ်တပ် တိုးချဲ့မှုနှင့် ပယင်းစီးပွား

၁၉၆၃ ခုနှစ်မတိုင်မီကတနိုင်းတွင် မြန်မာ့တပ်မတော်၏ အမြဲတမ်းတပ်တည် မရှိခဲ့ပဲ ထိုနှစ်တွင်မှ အသစ်ဖွဲ့စည်းလိုက်သော စစ်အစိုး ရက ခြေလျင်တပ်ရင်း (ခလရ) ၉၆ကို ဟူးကောင်းချိုင့်ဝှမ်းသို့ စေလွှတ်ခဲ့သည်။ (၁၉၇၀ ခုနှစ်တွင် ခလရ ၉၆ ကို ခလရ ၈၆ ဖြင့်လဲလှယ်ခဲ့သည်)

၁၉၉၂ ခုနှစ်တွင် တပ်ရင်း နှစ်ခု (ခမရ ၂၃၈ နှင့် ခမရ ၃၁၈)၊ ဒေသဆိုင်ရာ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်နှင့် လက်နက်ကြီးတပ်ဖွဲ့ တစ်ခုတို့ကို ဒေသခံများထံမှ သိမ်းယူထားသော မြေပေါ်တွင် တည်ထောင်ခဲ့သည်။ ၁၉၉၄ တွင် KIA နှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုထား သော်လည်း မြန်မာ့တပ်မတော်ကတနိုင်းမြို့ တောင်ဘက် လီဒိုလမ်းဘေးတွင် အခြေစိုက်စခန်း နှစ်ခုကို တည်ဆောက်ခဲ့သည်။ ရှဒူးဇွပ်တွင် ခမရ ၂၉၇ နှင့် ဒုံဘန်တွင် ခမရ ၂၉၈ တို့ဖြစ်သည်။

မြန်မာတပ်မတော်က KIA နှင့် အပစ် အခတ် ရပ်စဲရေးကို ၂၀၁၁ ခုနှစ် ဇွန်လတွင် ဖျက် သိမ်း လိုက်သောအခါ ကချင်နှင့် ရှမ်းပြည် နယ်မြောက်ပိုင်းကို ထိုးစစ်များ ဆင်နွှဲခဲ့ပြီး လူပေါင်း ၁၀၀,၀၀၀ ကျော်ကို အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။ ထိုသူအများစုမှာ ယနေ့ အချိန်ထိ ဒုက္ခသည် စခန်းများတွင် နေထိုင် နေရဆဲ ဖြစ်သည်။


ပယင်းတူးဖော်မှုသည် ၂၀၁၀ မှ ၂၀၁၇ ခုနှစ် ဇွန်လအတွင်း အကြီးအကျယ်တိုးမြင့် လာသည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) က ၂၀၁၀ ခုနှစ်တွင် မော်များမှ အခွန်စတင် ကောက်ခံ ခဲ့သည်။ ဝင်ငွေများကို သူ၏အုပ်ချုပ် မှု အောက်ရှိ ဒေသများ စီမံခန့်ခွဲရာတွင်အသုံးပြု ခဲ့သည်။ တချိန်တည်းမှာပင် မြန်မာ စစ်တပ်သည် လည်း ဟူးကောင်းချိုင့်ဝှမ်းမှ ထွက်လာသည့် ပယင်းသယ်ယူပို့ဆောင် မှု ကို အခွန်စတင်ကောက်သည်သာမကမော် ဒေသများသို့သွား သော အစားအစာ၊လောင် စာဆီနှင့်စက်ပစ္စည်း များကိုပါအခွန်ကောက် ခံသည်။ KDNG က ကုန်သည်များနှင့် ကုန်ပစ္စည်း သယ်ပို့သူများကိုယခု အစီရင်ခံစာအတွက် အမ ည်မဖော်လိုသူများကိုမေးမြန်းကြည့်ခဲ့သည်။ ထိုသူတို့ကအခွန်အကောက်မှ ရရှိငွေသည် ၂၀၁၇ ခုနှစ်သို့ ရောက်သောအခါ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါးရှိ မည်ဟု ခန့်မှန်းသည်။

တနိုင်းမှ တရားဟောဆရာတစ်ဦးကပြောသည် မှာ-


တပ်မတော်က ပယင်းဒေသတွင် ဆန်နှင့်ဆီ ပိတ်ထားသော်လည်း စစ်တပ်နှင့်ယင်းကုန်ပစ္စည်း များကိုရောင်းသော ဈေးသည် များနားလည်မှုဖြင့် မောင်ခို ဈေးကွက်ရှိ တယ်။ ဓါတ်ဆီကိုမူ ညဖက် တွင်စက်လှေ များဖြင့် ပို့ဆောင်ကြတယ်။ မောင်ခိုသမားတွေက စစ်တပ်ကိုဓါတ်ဆီ စည်ပိုင်း တစ်လုံးအတွက် ကျပ် ၃၀,၀၀၀ မှ ကျပ် ၅၀,၀၀၀ ပေးကြရတယ်။ ကောင်ရာမှာဆိုရင် တစ်စီးကို ဓါတ်ဆီစည်ပိုင်း ၂၅ လုံးပါတဲ့ ကုန်ကားတွေ တစ်ညကို နှစ်ဆယ် လာတယ်။ ရိုးရိုးစစ်သားတစ်ယောက် တောင်တစ်ပတ် အတွင်းမှာ ဆိုင်ကယ်အသစ် တစ်စီးစီးနိုင်တယ်။ ၂၀၁၇ ခုမှာ ဆန်၊ ဓါတ်ဆီနဲ့ ဂက်တွေကို လမုန်ရွာ ဂိတ်မှာ သိမ်းပြီးနောက်ပိုင်းမှာ မင်းထက်သာ ဆီဆိုင်မှာပြန်ရောင်းတယ်။ (အင်တာဗျူးအမှတ်၂)

မြန်မာ့တပ်မတော်သည် ဖားကန့်ရှိ ကျောက်စိမ်း တွင်းများကို တဖြည်းဖြည်းသိမ်းပိုက်သွားခဲ့ သဖြင့် ပယင်းမှ ဝင်ငွေသည် ၂၀၁၄-၂၀၁၆ ကာလအတောအတွင်း KIA အတွက် ပိုမိုအရေးပါ

၁၉၉၄ ခုနှစ်အတွင် ကချင်ပြည်နယ်အခြေစိုက် နအဖစစ်တပ်ရင်းများ
တပ်ရင်း(၂၆)ရင်း



## ၂၀၀၆ ခုနှစ်ကချင်ပြည်နယ်အခြေစိုက် နအဖစစ်တပ်ရင်းများ
## တပ်ရင်း(၄၁)ရင်း




ခဲ့သည်။ (မြေပုံကြည့်)

၂၀၁၆ မေလတွင် မြန်မာစစ်တပ်သည် KIA အခြေစိုက်စခန်းများကို အနီးနားရှိ ဖားကန့် မြို့နယ် ကျောက်စိမ်းတွင်းနေရာများမှ မောင်းထုတ်ခဲ့ပြီး အဓိကတိုက်ခိုက်မှုများကို တနိုင်းတွင်စတင်ခဲ့သည်။

၂၀၁၆ ဇူလိုင်တွင် မြန်မာ့တပ်မတော် (ခလရ ၃၃၊ ခမရ ၃၈၃၊ ခမရ ၃၈၄) တို့သည် လီဒိုလမ်း အနောက်ဖက် တနိုင်းမြို့၏ တောင်ဖက် ရွှေမှော်များရှိ KIA စခန်းများကို စတင် တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုများကိုဒေသ ဆိုင်ရာ စစ်ဆင်ရေး ကွပ်ကဲရေးမှူးကိုယ်တိုင် ဟူးကောင်း ချိုင့်ဝှမ်းကျား ထိန်းသိမ်းရေး ကြိုးဝိုင်းအတွင်းရှိ ယုဇနကုမ္ပဏီ ခြံဝင်း အတွင်းမှနေ၍ တိုက်ရိုက်ကွပ်ကဲခဲ့သည်။ ထိုတိုက်ခိုက်မှုများက လူပေါင်း ၁၀၀၀ ကျော်ကို ရွှေ့ပြောင်းစေခဲ့သည်။ သူတို့၏ ထက်ဝက်မှာ ရွှေ့ပြောင်းမှော်လုပ်သားများဖြစ်ပြီး ကျန်သူများမှာ ဒေသခံကျေးရွာ၄ခု ဖြစ်သောလောဒ်ဂျာ၊ အောင်လန်၊ ခါဒါဇွပ်နှင့် ခေါ်ဆန်ရွာများမှ ဒေသခံရွာသားများ ဖြစ်ကြသည်။

ယင်းနောက်ပိုင်းတွင် တနိုင်းတွင် တပ်များ တဖြေးဖြေးဖြည့်လာခဲ့သည်။ ၂၀၁၇ဇွန်လ ရောက်သောအခါ တနိုင်းနယ်မြေတွင် တပ်မတော်တွင်ခလရ၊ ခမရ တပ်ရင်းများအဖြစ် ၈၆၊ ၂၃၈၊ ၃၁၈၊၂၉၇၊ ၂၉ ၈၊ ၃၇၊ ၆၆၊ ၁၀၁၊ ခွတ္တီး အခြေစိုက် တပ်ရင်း များနှင့် တနိုင်း ဒကစ လက်အောက်ခံတပ်များ သည် လက်နက်ကြီးတပ်များ နှင့် အတူ ရှိလာခဲ့ သည်။




ဤအဆင့်တွင် KIA နှင့်ဌာနေ တိုင်းရင်းသား ကချင်ဒေသခံများကို ပယင်းမှော် ဒေသမှ မောင်းထုတ်ရန် ထိုးစစ်ကြီး တစ်ခုလုံးကိုပြင်ဆင်ခြင်း ဖြစ်သည်။ ထိုသို့လုပ်ခြင်းအားဖြင့် KIA ကို အခွန်မှ ဝင်ငွေ မရတော့ စေရန်နှင့် မြန်မာစစ်တပ် နှင့် အစိုးရ ကိုသူတို့ ကိုယ်တိုင် အတွက် ပယင်း မှော်များ ကို ထိန်းချုပ်ပြီး အကျိုး အမြတ်များရစေရန်သာမက သူတို့၏ထိန်း ချုပ်နယ်မြေကိုတိုးချဲ့ခြင်းလည်းဖြစ်သည်။

## ဟူးကောင်းချိုင့်ဝှမ်း ထိုးစစ် ၂၀၁၇ ခုနှစ်ဇွန်လ ယနေ့အထိ

### မိုးကောင်းကင်မှ သတိပေးချက်

တိုက်ပွဲ စတင်ပြီး၂၀၁၇ ခုနှစ် ဇွန်လ ၅ရက် တွင် စစ်ရဟတ်ယာဉ် တစ်စီးသည် ပယင်းမော်နယ်မြေ အပေါ်တွင် ပုံသန်းလျက် ထောင်နှင့်ချီသော လက်ကမ်းစာစောင်များကို ကျဲချခဲ့သည်။ ယင်းတို့တွင် ပြော ထား သည်မှာ-

"သို့ပါ၍ မော်များအတွင်းနေထိုင် လျက်ရှိသော ဒေသခံ ပြည်သူများ၊ ရွှေပြောင်း အလုပ်သမားမျာ းအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ရက်နေ့ နောက်ဆုံးထားပြီး ထွက်ခွာရန်နှင့် ထွက်ခွာခြင်းမရှိပါက KIA (ကချင်) အကြမ်းဖက် သောင်းကျန်းသူအဖွဲ့နှင့်ပူးပေါင်းနေသည့် သူများအဖြစ် သတ်မှတ်မည်ဖြစ်သည်။"

ဤစကားလုံးများအားဖြင့် ဌာနေတိုင်းရင်းသား ရွာသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများ သည် ဆယ်ရက်အတွင်း သူတို့ နိုင်သမျှ ပစ္စည်းများကိုသယ်ယူပြီး "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" မတိုင်မီ ထွက်ပြေး ကြရမည်ဖြစ် သည်။

မည်သည့်ရွှေ့ပြောင်းမှုအစီအစဉ်ကိုမျှ ကြေညာခြင်းမရှိသကဲ့သို့ အခြား အိမ်ယာစီစဉ် မှုများလည်း လုပ်ဆောင်ထားခြင်းမရှိပေ။ နမ့်ဗျူ နမ့်ခမ်း၊ အင်ဂါဂါ၊ နမ့်ဂေါင်၊ ထန်ဘရာ နှင့် ဂေလော်မှ ရွာသားများသည် သူတို့၏ နေအိမ်များ၊ စာသင်ကျောင်းနှင့် ဘုရားရှိခိုးကျောင်းများ၊ သူတို့၏ စိုက်ခင်းများ၊ သူတို့၏တိရစ္ဆာန်များနှင့် သူတို့၏ လုပ်ကိုင်စားသောက်မှုများအားလုံးကို ပစ်ထားခဲ့ရသည်။

### တိုက်ခိုက်မှု စတင်ပြီ

၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက်တွင် နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး စတင်ခဲ့သည်။ နောက်ခြောက်လ အတွင်းတွင် မြန်မာစစ်တပ် သို့မဟုတ် တပ်မတော်သည်KIA တပ်ရင်း ၁၄ ကို ပယင်းမော်ဧရိယာမှမြောက်ဖက်သို့ တွန်းထုတ်ခဲ့သည်။ တိုက်ပွဲများမှလွတ်မြောက် ရန် သောင်းနှင့်ချီသော ရွှေ့ပြောင်း အလုပ်သမား များနှင့် ထောင် ပေါင်း များစွာသော ဒေသခံ ကချင် ရွာသား များသည် ထိုနေရာမှ ထွက်ပြေး ကြရသည်။

ဓါတ်ပုံ - ဒေသခံ



ကျေးရွာနေပြည်သူများ မိမိပိုင်ပစ္စည်းတချို့သယ်နိုင်တလောက်နှင့် တိမ်းရှောင်ရန် ပြင်ဆင်နေစဉ်

# ဟူးကောင်းချိုင့်ဝှမ်း ထိုးစစ်– အချိန်ဇယား


**၂၀၁၇ ဇွန်လ ၅ ရက်**
ဆယ်ရက်အတွင်း ရွှေ့ပြောင်းရန် တောင်းဆိုသောလက်ကမ်းစာစောင်များကျဲချသည်။

**၂၀၁၇ ဇွန်လ ၁၅ ရက်**
ထိုးစစ် စတင်သည်

**၂၀၁၇ ဇူလိုင်လ**
အစိုးရက မော်များ ထိန်းချုပ်ရန် ရွှေ့လာခဲ့သည်။

**၂၀၁၇ ဩဂုတ်လ**
ဟူးကောင်းချိုင့်ဝှမ်းမှ ထုတ်လုပ်သော ပယင်းအတွင်းတွင် နှစ်ပေါင်း သန်း ၁၀၀ သက်တမ်းရှိ ပုစဉ်၏ ရုပ်ကြွင်းကို တွေ့ရသည် နနိုင်ငံတကာ မီယာများက ထောင်ပေါင်းများစွာသောဒုက္ခသည်များရှိသည့် စစ်နယ်မြေမှ ထွက်ရှိကြောင်း ဖော်ပြခဲ့ခြင်းမရှိပေ။

...oto from Current Biology



**၂၀၁၇ စက်တင်ဘာ – အောက်တိုဘာ**
တိုက်ပွဲနားသည့် အချိန်များတွင် အရိုးသော ရွာသားများသည် သူတို့ စိုက်ခင်းများတွင် ပြန်လည် လုပ်ကိုင်ရန် သွားရောက်ခဲ့ကြသည်။

**၂၀၁၇ နိုဝင်ဘာ – ဒီဇင်ဘာ**
ထိုးစစ်မှာ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် အရပ်သားများ ထိခိုက်သေဆုံးမှုများဖြစ်ကာ ပြင်းထန်လာခဲ့သည်။

**၂၀၁၈ ဇန်နဝါရီ**
ထိုးစစ်အမြင့်ဆုံး ရောက်လာပြီး အရပ်သားများ ပိုမို သေဆုံးခဲ့သည်။

**၂၀၁၈ ဖေဖော်ဝါရီမှ**ယခုထိ
နယ်မြေအတွင်း ကျန်ရှိနေခဲ့သော အရပ်သား ၃၀၀၀ ခန့် ကြောက်လန့်ပြီး ထွက်ပြေးခဲ့သော်လည်း ဘေးကင်းရာသို့မရောက်နိုင်ရန် မြန်မာ့တပ်မတော်က ပိတ်ဆို့ထားခဲ့သည်။

**၂၀၁၈ ဖေဖော်ဝါရီမှ**
ပိတ်မိနေသော ဒေသခံများနှင့် ရွှေ့ပြောင်းအလုပ်သမားများကို နောက်ဆုံးတွင် တနိုင်းမြို့သို့ သွားခင့် ပြုလိုက်သည်။



**၂၀၁၈ ဖေဖော်ဝါရီ**
မြန်မာ့တပ်မတော်က ယခုအခါသတ္တုတွင်း ဇရိယာရှိ KIA တပ်မစခန်းများကို သိမ်းပိုက်ထားလိုက်ပြီး သေခံများနှင့် ရွှေပြောင်း အရပ်သားများအားလုံးကို "ပတ်ဝန်းကျင် ထိန်းသိမ်းရေး" ကြွေကြော်သံဖြင့် ဖယ်ရှား လိုက်ပြီး ဖြစ်သည်။

လက်ရှိစွန့်ပစ်ထားသော အောင်လောဒ်ကျေးရွာ ဓါတ်ပုံ - ဒေသခံ



**၂၀၁၈ ဧပြီလ**
ထိုးစစ် ဖြန့်ကြက်ခြင်း၊ အောင်လောဒ် ကျေးရွာမှ အိမ်ခြေ ၃၀၀၀ ခန့် ထွက်ပြေးရန် တွန်းပို့ခြင်း

**ယနေ့**
မည်သည့် အရေးယူဆောင်ရွက်မှုမျှ ယနေ့တိုင် မရှိသေးပဲ သူတို့ အိမ်များမှ ထွက်ခွာရွှေပြောင်းကြရန် လွန်ခဲ့သည့် တစ်နှစ်ကျော်ကြာ ကာလတွင် ပြောဆိုခံခဲ့ရသည့် ဒုက္ခသည်များမှာ သောင်မတင် ရေမကျ ပိတ်မိနေဆဲ ဖြစ်သည်။

**၂၀၁၈ ဖေဖော်ဝါရီမှ ယနေ့ထိ**
အစိုးရက မည်သည့်ဒုက္ခသည်မျှ မရှိကြောင်းသ ငြင်းဆိုထားသည်။

**၂၀၁၈ ဇွန် – ဇူလိုင်**
ဟူးကောင်း ပယင်းချိုင့်ဝှမ်း ဒေသတွင် တူးဖော်မှုများ ပြန်လည်စတင်ခဲ့သည်။

**၂၀၁၈ စက်တင်ဘာ**
သတ္တုတူးဖော်ခြင်းများကို တရားဝင် ပြုလုပ်ရန် ဒေသခံလွှတ်တော် ကိုယ်စားလှယ်များက တောင်းဆိုခဲ့သည်။ ပယင်းထုတ်လုပ်မှုအပေါ် ဗဟိုအစိုးရ၏ ထိန်းချုပ်မှုကို တရားဝင် ဖြစ်သွားစေမည်။

**၂၀၁၈ အောက်တိုဘာ**
ရွှေပြောင်းဒုက္ခသည် ရွာသားများသည် သူတို့၏ မိခင် နယ်မြေများတွင် သတ္တုတူးဖော် ခွင့်ပြုခြင်း အပေါ် ဆန့်ကျင် ကန့်ကွက်သည့် အိတ်ဖွင့်ပေးစာကို သမ္မတထံ ပေးပို့ပြီး သူတို့အားအိမ်ပြန်ခွင့်ပြုရန် တောင်းဆိုသည်။


ဓါတ်ပုံ - ခွန်းလတ်




ဓါတ်ပုံ - ဒေသခံ

## ပယင်းမှော်များထိန်းချုပ်ရန် အစိုးရ၏ ခြေလှမ်းများ

မြန်မာနိုင်ငံ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲ များနှင့် အတူ စစ်အာဏာရှင်စနစ်ကိုအဆုံးသတ်သွား မည်ဟုပြည်တွင်းနှင့်နိုင်ငံတာက မျှော်လင့်ခဲ့ သော်လည်း ရွေးချယ်တင်မြောက်ခြင်းခံရသော ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) အစိုးရသည် ဌာနေတိုင်းရင်းသား ကချင်ပြည်သူများ သူတို့၏မြေများမှ အတင်း အဓမ္မ ရွှေ့ပြောင်းခံရမှုအပေါ် သို့မဟုတ် နောက် ပိုင်းလများတွင်ပေါ် ပေါက်လာသည့် အကြမ်းဖက် စစ်ဆင်ရေးနှင့် အရပ်သားထိခိုက်သေဆုံးမှုများ အပေါ် မည်သည့်ဆန့်ကျင်မှုကိုမှ ဖော်ပြခဲ့ခြင်း မရှိ ပေ။

စစ်တပ်ထိုးစစ်စတင်ပြီး တစ်နှစ်ကြာသည့်အချိန် တွင် NLD လွှတ်တော်ကိုယ်စားလှယ် ဦးလင်း လင်းဦးက တနိုင်းနှင့် ဖားကန့်ရှိ တရားမဝင်ရွှေနှင့် ပယင်းမှော်များကိုထိန်းချုပ်ရန် လွှတ်တော် သို့ အဆိုပြုလွှာတစ်ခုကို တင်ပြခြင်းဖြင့်ဗဟို အစိုးရအတွက် ပယင်းလုပ်ငန်းအပေါ်တရားဝင် အခွင့်အာဏာကို ရရှိစေအောင်စတင်လုပ်ဆောင် ခဲ့သည်။(နောက်ဆက်တွဲ ၅ တွင်ကြည့်) ယင်းမှာ ပယင်းမှော်များအပေါ် အစိုးရ၏တရားဝင် အခွင့်အာဏာကို တည်ဆောက် ခြင်း၏ ပထမ အဆင့် ဖြစ်သည်။

## နိုင်ငံတကာ အသိုင်းအဝိုင်းက နှုတ်ဆိတ် နေခဲ့သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထိုးစစ်ဆက်လက် ရှိနေခဲ့ပြီး ပယင်းအတွင်း ပိတ်မိနေသော နစ်သန်းပေါင်း ၁၀၀ သက်တမ်းရှိသည့် ပစဥ်းကို ဗြိတိသျှလူမျိုး သဘာဝပညာရှင် ဒေးဗစ် အတန်ဘောရိုး (David Atten- borough) ၏ အမည်ဖြင့် မှည့်ခေါ်ခဲ့သည်။ မည်သည့်နိုင်ငံတကာ မီဒီယာကမျှ ကျောက်ဖြစ် ရုပ်ကြွင်းအရင်းအမြစ်မှာ တိုက်ပွဲနယ်မြေဖြစ်ပြီး ယင်းတိုက်ပွဲများကြောင့် ထောင်နှင့် ချီသောဒုက္ခ သည်များ ဖြစ်ပေါ်ခဲ့ကြောင်းဖော်ပြခဲ့ခြင်းမရှိပေ။

တိုက်ပွဲနယ်မြေများသည် ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေး ဘေးမဲ့တောအတွင်းပါဝင် နေခဲ့သည်။ သို့သော်လည်းဟူးကောင်း ချိုင့်ဝှမ်း အတွင်း လှုပ်ရှားနေသည့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အုပ်စုများအထူး သဖြင့်သားရိုင်း တိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေး လူ့အဖွဲ့ အစည်း (Wildlife Conservation Society (WCS) က ဌာနေတိုင်းရင်းသား ပြည်သူများ အတင်းအဓမ္မ မောင်းထုတ်ရွှေ့ပြောင်းခြင်းခံနေရ သည်ကို နှုတ်ဆိတ်နေခဲ့သည်။ ဘေးမဲ့ကြိုးဝိုင်းအတွင်း တသီးစား စိုက်ပျိုးခင်းများ တည်ဆောက်ခြင်းကို နှုတ်ဆိတ်နေသကဲ့သို့ပင်

WCSသည် ကြိုးဝိုင်းအတွင်း ဖြစ်ပေါ် နေသည့် ပယင်းတူးဖော်မှုများကို ပိုမိုထိန်းချုပ် စီမံခန့်ခွဲရန်နှင့် စောင့်ကြည့်ရန် တောင်းဆိုခဲ့ခြင်းများမရှိပေ။

## တိုက်ပွဲများ ဆက်ဖြစ်ပြီး တိုးမြှင့်လာသည်

တိုက်ပွဲသံတိတ်သွားသည့် အခါများတွင် ကချင် ရွာသားများသည် ပယင်းမော်နယ်မြေရှိ သူတို့ ရွာများသို့ တောင်ယာများ၊ တိရစ္ဆာန်များ ကြည့်ရှုရန် ပြန်သွားခဲ့ကြ သည်။ သို့ရာတွင် နိုဝင်ဘာလအတွင်း ထိုး စစ်အရှိန်မြင့်လာခဲ့ပြီး မျက်မြင်သက်သေ များ၏ အဆိုအရ နိုဝင်ဘာ ၁၈ မှ ၂၁ ရက် အတွင်းတွင် တပ်မတော် သည် ပယင်းမော် နယ်မြေကို လက်နက်ကြီး များဖြင့်ပစ်ခတ်ခဲ့သည်။ နိုဝင်ဘာ ၂၂ ရက် တွင် "အရပ်သား တစ်ဦး၏ အိမ်ဘေးတွင် လေယာဉ်မှချသော ဗုံးတလုံးပေါက်ကွဲပြီး ကလေးငယ် တယောက်နှင့် လူတစ်ယောက် သေဆုံး" ခဲ့ပြီး တပ်မတော်၏ မြေမြုပ်မိုင်း များကြောင့် ရွာသားနှစ်ဦး ဒဏ်ရာ ရခဲ့သည်။ ဒီဇင်ဘာလအတွင်းတွင် မြန်မာ့ တပ်မတော် စစ်သားများက ရွာသားများကို သေနတ်ဖြင့် ချိန်၍ပစ်ခဲ့ခြင်းကြောင့် တစ်ဦးသေဆုံးခဲ့သည်။ ဒီဇင်ဘာ ၂၇ ရက်တွင် ဂျက်စစ်လေ ယာဉ်တစ်စီးက အင်ဂါးဂါ အနီးတွင် ဗုံးများကျဲချခဲ့သည်။
၂၀၁၈ ခုနှစ် ဇန္နဝါရီ ၂၆ ရက်နေ့ နေ့ခင်း ၂ နာရီ ၂၅ မိနစ်တွင် မြန်မာ့တပ်မတော်သည် KIA တပ်မဟာ ၂ နယ်မြေ တပ်ရင်း ၁၄ ဒေသကို တိုက်ခိုက်မှုများ လုပ်ဆောင်နေစဉ် အတွင်း ဂျက်တိုက်လေယာဉ် နှစ်စီးဖြင့် ဗုံးများ ကျဲချခဲ့သည်။ ဗုံးကျဲမှုကြောင်း အရပ်သား သုံးဦးသေဆုံးပြီး ငါးဦးမှာ ဒဏ်ရာပြင်းထန် သောကြောင့် တနိုင်းဆေးရုံသို့ ပို့ဆောင် ခဲ့ရသည်။ တချိန်တည်းမှာပင် အရပ်သားများ၏ နေအိမ်ငါးလုံး မီးလောင် ကျွမ်းသွားခဲ့သည်။ ကုလသမဂ္ဂ အချက် အလက် ရှာဖွေရေး မစ်ရှင်က ၂၀၁၇ နိုဝင် ဘာမှ ၂၀၁၈ ဖေဖော်ဝါရီ အတွင်း မြန်မာ စစ်တပ်၏ အစိတ်အပိုင်း များက အရပ်သား များအား အကြမ်းဖက်မှုများအပေါ် အသေးစိတ် တွေ့ရှိချက်အများအပြားကိုမှတ်တမ်းတင် ထားခဲ့သည်။



လူထုကျန်းမာရေး လုပ်သား အ သက် ၃၀ နှစ်အရွယ် လဖိုင် ဆိုင်းရာ သည် ၂၀၁၈ ခုနှစ် ဇန္နဝါ ရီ လ ၂၆ ရက်နေ့ လေ ကြောင်း တိုက်ခိုက်မှုအ တွင်း တွင် သေဆုံး ခဲ့ပြီး သူမ၏ ၃ နှစ်အရွယ် သမီး မှာ မိခင်မဲ့ အဖြစ် ကျန်ရစ်သည်။

## ထွက်ပြေးလွတ်မြောက်ခြင်း (သို့) အကူအညီ ရရှိခြင်းမှ အရပ်သားများ တားမြစ်ခံရသည်

ဇန္နဝါရီ ၂၈ ရက်နေ့တွင် အကြမ်းဖက် တိုက်ခိုက်မှုများမှလွတ်မြောက်ရန်လူ ပေါင်း၃၀၀၀ခန့် ထွက်ပြေး ခဲ့ကြသည်။ ရွှေ့ပြောင်းလာရသော ဒေသခံရွာသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများသည် ပယင်း မော်မှမြောက်ဘက် ယခုအခါ တပ်မတော် ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပြီဖြစ်သော တနိုင်းမြစ်ကမ်းရှိ KIA အခွန်ဂိတ်ပေါက်ဝဘက်သို့ ထွက်ခွာလာကြသည်။ ထိုနေရာမှ တနိုင်းမြို့ သို့ ကူးတို့ စက်လှေ ဖြင့်လုံခြုံရာသို့သွား နိုင်ကြ မည်ဟု သူတို့ မျှော်လင့် ထားကြသည်။ သို့ရာတွင် သူတို့ ကို မြန်မာ့တပ်မတော် တပ်ဖွဲ့တစ်ခုက ပိတ်ဆို့ ထားလိုက်သည်။ KIA နှင့် တပ်မတော် အကြား ပိတ်မိနေခြင်းကြောင့် သူတို့ မှာ လူသားဒိုင်းများအဖြစ် ထိရောက်စွာအတင်း အကြပ် လုပ်ဆောင်ခံခဲ့ကြရသည်။ ဆယ့်တစ်ရက် ကြာအောင် ထိုသူတို့မှာစမတ် ဂိတ်နှင့် ပေါက်ဝ နေရာကြားတွင်ပိတ်မိနေခဲ့သည်။ ရှာဖွေရန်အတွက် ယောကျ်ားများမှာ အကျ်ီများ ကို အချိန်ကြာမြင့်စွာ ချွတ်ထားကြရပြီး မိန်းမများမှာ ရှာဖွေစဉ်အတွင်း ကာအိန္ဒြေ ထိပါးခံကြရသည်။

မြန်မာစစ်တပ်က မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများ၊ ပိုက်ဆံများနှင့် အခြား ပိုင်ဆိုင်မှုများကို သိမ်းယူခဲ့ပြီး အကူအညီ ပေးရေးအဖွဲ့များမှာ ပြည်တွင်း ဒုက္ခသည်များ အတွက်အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများ ပေးပို့ခြင်းမပြုစေရန်တားမြစ် ခံကြရ သည်။ ဇန္နဝါရီ ၂၉ ရက်မှာတော့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးနှင့် ဦးနောင်နာဂျာတန်တို့က နေပြည်တော်ကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကို အခြေအနေတွေအကြောင်း ရေးထားတဲ့စာကို တင်ပြခဲ့ပါတယ်။ ဒီစာထဲမှာတော့ "ပယင်းမော်များတွင် လုပ်ကိုင် နေကြသော ရွှေ့ပြောင်း အလုပ်သမား ၃၀၀၀ ကျော်သည် တပ်မတော်၏ ပိတ်ဆို့ မှုကိုခံရပြီး စုံစမ်းစစ်ဆေးခြင်းခံရသည်" ဟု ဖော်ပြထားသည်။ စာထဲတွင် ရွှေ့ပြောင်း ထွက်ပြေးနေရသူ ၃,၀၀၀ ထဲတွင် ဒေသခံ ဌာနေ တိုင်းရင်းသား ကချင်ရွာသားများ ပါဝင်နေကြောင်းဖော်ပြမထားပဲ အများဆိုင်ရာ မှတ်တမ်းတွင် ပါဝင်မည်ကိုဖုံးကွယ်ထားသည်။

## IDPs တည်ရှိမှုကိုအစိုးရကငြင်းပယ်သည်

ပိတ်မိနေသော အရပ်သားများကိုနောက်ဆုံးတွင် ဖေဖော်ဝါရီ ၈ ရက်နေ့တွင်ပြန်လွှတ်လိုက်သည့်အခါ ဗဟိုအစိုးရသည် ပယင်းထိုးစစ်မှအိုင်ဒီပီများ မရှိကြောင်းကို ဆက်လက်ကိုင်စွဲထားပြီး ဒုက္ခသည်စခန်းများ တည်ဆောက်ခွင့်ကိုငြင်းပယ် ခဲ့သည်။ တနိုင်းနှင့် မြစ်ကြီးနားတို့ရှိဆွေမျိုးများနှင့် နေနိုင်သူများနှင့် မည်သည့်နေရာမျှသွားရောက်နိုင်ခြင်း မရှိ သော ရွှေ့ပြောင်းရွာသားများသည် တနိုင်းဘုရား ကျောင်းဝင်းအတွင်းစခန်းသွားချခဲ့ရပြီးယခု ထက်တိုင် ဒုက္ခသည်များ သို့မဟုတ်အိုင်ဒီပီများအဖြစ် အသိအမှတ်ပြုမခံရပဲ ဆက်လက်ရှိနေကြသည်။ ဗဟိုအစိုးရက ထိုးစစ်အတွင်း ရွှေ့ပြောင်းရသူများမှာ ရွှေ့ပြောင်း အလုပ်သမားများသာဖြစ်ပြီးဌာနေ တိုင်းရင်းသား နေထိုင်သူ ၄,၀၀၀ ကျော်တည်ရှိကြောင်းအစဉ်တစိုက် ငြင်းပယ်ခဲ့ပြီး သူတို့အား အိမ်ယာမရှိပိတ်မိ နေ စေခဲ့သည်။ သူတို့မှာ ယာယီခိုလှုံရာနေရာများတွင် နေထိုင် ကြရသည်။ သူတို့ကို အိမ်ပြန်ခွင့်မပြုသော်လည်း သူတို့အား ပြည်တွင်းဒုက္ခသည်သို့မဟုတ် ပြည်တွင်း ရွှေ့ပြောင်း နေထိုင်ရသူများ (IDPများ အဖြစ်အကျိုးခံစားခွင့်များရရှိမှုကို ခွင့်ပြုမပေးပဲ ထားသည်။ နမ့်ဂေါင်မှ ကချင်အမျိုးသမီးတစ်ဦးက တနိုင်းရှိ ဘုရားကျောင်းဝင်းတစ်ခုတွင် နေထိုင်နေရသည့်

သူတို့ မိသားစု၏ လက်ရှိအခြေအနေကို ပြောပြသည်မှာ-

ရဟတ်ယာဉ်မှ သတိပေးစာများကြဲချပြီးနောက်တွင်ကျွန်မတို့ရွာကနေ စောင်ပါးလေး တစ်ထည်ကလွဲပြီး ဘာမှမပါပဲ ထွက်ခွာခဲ့ရတယ်။ အခုတော့ အခြေအနေက  စခန်းကော်မတီက စီစဉ်ပေးတဲ့ အခန်းကျဉ်းလေးထဲမှာ နေရတယ်။ ကျွန်မတို့ မိသားစုက လူ ၇ ယောက်ရှိ တော့ တော်တော်လေးကို အဆင်မပြေ ဘူး။ ရေချိုးခန်း၊ အိမ်သာလည်း လုံလုံ လောက်လောက်မရှိဘူး။ ဒီမှာ နေရတာ ကျွန်မတို့ရွာလို ပျော်ဖို့ မကောင်းဘူး။ ဒေသက NGOတချို့ လာပြီးတော့အကူအညီ တချို့ပေး ပေ မယ့် ကျွန်မတို့ရွာမှာနေတုန်းကလို နေလို့မရဘူး။ ဒါပေမယ့် လာ ကူ ပေးတဲ့လူတွေကို တကယ်ကျေး ဇူး တင်ပါ တယ်။ အဖေ၊ အမေနဲ့ အရွယ်ရောက်တဲ့ကလေး တွေစခန်းက အခန်းငယ် လေး ထဲမှာ နေ ရ တယ်။ ဒါကြောင့် ကျွန်မတို့အတွက် တော်တော်လေးခက်တယ်။ ကျွန်မက ကျွန်မတို့ရွာ ကိုပဲ ပြန်ချင်တယ်။ ဒီမှာက ဘာမှ လုပ်လို့မရဘူး။ ကျွန်မမှာအစားအစာ စိုက်စားဖို့ မြေမရှိဘူး။ ဒါပေမယ့် ကျွန်မတို့ ရွာမှာဆိုရင် ကျွန်မတို့ စိုက်ပျိုးပြီးကိုယ့် ဘာသာစားသောက်လို့ ရတယ်။ ဒီမှာ ကျွန်မတို့ ပိုက်ဆံသုံးရတာပဲ ရှိတယ်၊ ပိုက်ဆံရှာဖို့ ဘာမှမရှိဘူး။ ကျွန်မ တို့ရွာမှာပဲ ပိုက်ဆံရှာဖို့ အခွင့်အရေး ရှိတယ်။ နောက်ပြီးဒီမှာက ကျွန်မတို့ အတွက် နေဖို့အရမ်းခက်ခဲတယ်။

တနိုင်းရှိ ဘုရားကျောင်းဝင်းတစ်ခုတွင်ပင် နေထိုင် လျက်ရှိသည့်အင်ဂါးဂါကျေးရွာမှာ နောက်ထပ်အမျိုးသမီးတစ်ဦးကမျက်ရည်များ ကျလျက် ပြောပြသည်မှာ-


ထိုးစစ်က ပယင်းတူးဖော်မှုနဲ့ ဆက်စပ်နေတယ်ဆိုတာကျွန်မမသိဘူး။  ဖြစ်ချင်လဲဖြစ်မှာပေါ့။ဘာလို့လဲဆိုတော့ပယင်းတွေအလုခံတယ်။ ကျွန်မတို့ဒေသခံလူတွေကတော့ ထွက်ပြေးရတယ်၊ ဒုက္ခခံရတယ်။ ကျွန်မတို့အိမ်မှာမနေရတော့ ကျွန်မက ကလေးတွေရဲ့ အနာဂတ်အတွက် သိပ်ဂမ်းနည်းတယ်။ ကျွန်မတို့ စစ်ရှောင်တွေ အနေနဲ့ဘယ်လောက်ကြာကြာ ဒီလိုဆက်နေရမယ်ဆိုတာမသိဘူး။ (ငိုလိုက်သည်။) ဒီမှာကျွန်မတို့ အနေနဲ့ စခန်းကော်မတီက စီစဉ်ပေးတဲ့ အတိုင်း နေရတယ်။ စားရတယ်။ ဒါပေမယ့် ကျွန်မတို့က ရွာမှာပဲစိုက်ပျိုးစားချင် တယ်။ ကျွန်မတို့ ကကျွန်မတို့မူရင်းရွာကိုပဲ ပြန်ချင်တယ်။




ဓါတ်ပုံ - ဇွန်လေး

ပယင်းဒေသမှ ခန့်မှန်းခြေ ဌာနေတိုင်းရင်းသား ပြည်သူ ၇၀၀ ခန့်မှာ လူများ ပြည့်ကြပ်နေသည့် ဘုရားကျောင်းဝင်း လေးခုတွင် နေထိုင်ကြရသည်၊ အိမ်ပြန်နိုင်ခြင်း မရှိပဲ လူသားချင်းစာနာမှု အကူအညီများလည်း ပြင်းပယ်ခံထားရသည်။

## ၂၀၁၇ ဇွန် မတိုင်မီ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် မြန်မာ့တပ်မတော်တည်ရှိပုံ



## ၂၀၁၈ ဧပြီ၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် မြန်မာ့တပ်မတော်တည်ရှိပုံ



## တင်းကြပ်လာသည့် ထိန်းချုပ်မှု

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ရောက်သောအခါ မြန်မာ့တပ်မတော်သည် ပယင်းဒေသရှိယခင် KIA စခန်းများကို သိမ်းပိုက်ပြီးဖြစ်ပြီးပယင်း မော်များအား ထိန်းချုပ်နိုင်ပြီး ဒေသတွင်းအဝင် အထွက် သယ်ယူပို့ဆောင်ရေး လမ်းကြောင်း များကိုလည်း ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ ပယင်းဒေသကို ယခုအခါတွင် ပစ်သတ်မိန့် ရရှိထားသော မြန်မာ့တပ်မတော်စစ်သားများက ကင်းလှည့်လျက်ရှိသည်။ယင်းသို့လုပ်ခြင်း ကြောင့် နမ့်ဗျူ နမ့်ခမ်း၊ နမ့်ဝေါင်၊ ထန်ဘာရာ၊ ပေလော် နှင့် အင်ဂါးဂါ မှ ရွာသားများမှာ သူတို့တည်ထောင် ခဲ့သောအိမ်ယာမြေများသို့ မသွားနိုင်ပဲ ရှိနေသည်။

## အစိုးရနှင့် စစ်တပ်မှ နှောက်ယှက်စော်ကားခြင်း

၂၀၁၈ ခုနှစ် ဧပြီတွင် ပယင်းဒေသထိုးစစ်မှ ဟူးကောင်းချိုင့်ဝှမ်း၏ အခြားနယ်မြေများသို့ တိုက်ပွဲများ ပြန့်နှံ့သွားခဲ့သည်။ အများစုမှာ အမျိုးသမီးများနှင့် ကလေးများပါဝင်သောခန့်မှန်း ခြေလူပေါင်း ၂၀၀၀ ခန့်မှာ (တနိုင်း မြို့နယ်) အောင်လောဒ်နှင့် (ကာမိုင်းမြို့နယ်) လိုင်နောင်ဘူး တို့တွင် အစိုးရတပ်ဖွဲ့များ၏ ပိတ်ဆို့မှုကိုခံခဲ့ကြရ သည်။ ဒေသခံ အဖွဲ့အစည်းများ ဘုရားကျောင်း များနှင့် လူထုခေါင်းဆောင်များက ဒုက္ခသည်များ ကို ကယ်တင်ရန် တနိုင်းအခြေစိုက် မြန်မာ့ တပ်မတော် ဒကစ ၂ အား ခွင့်ပြုချက် တောင်းခံ ခဲ့သော်လည်း တောင်းဆိုချက်ကိုခွင့်ပြုချက်ပေး ရန် အခွင့်အာဏာမရှိကြောင်း ပြန်ကြားခဲ့သည်။ အဖွဲ့အစည်းများက ဧပြီ ၁၂ ရက်တွင် ဒုက္ခသည် များ အား ကူညီရန် အတွက် သွားရောက်ခွင့်ပြုရန် ကချင်ပြည် နယ် ဝန်ကြီးချုပ်ထံ တောင်းဆိုခဲ့ သော်လည်း အကြောင်းပြန်ကြားချက် မရရှိခဲ့ ပေ။ နောက်ဆုံး ဧပြီ ၃၀ ရက်နေ့တွင်လူပေါင်း ၅၀၀၀ ခန့်က မြစ်ကြီးနား မြို့ပေါ်တွင်ချီတက် လမ်းလျှောက်ပြီး အစိုးရအား ပိတ်မိ နေသော အရပ်သားများအား ဘေးကင်းလုံခြုံစွာရွှေ့ပြောင်း နိုင်ရေးအတွက် အာမခံချက်ပေးရန် တောင်းဆို ခဲ့ကြသည်။

မေလ ၈ ရက်တွင် မြန်မာ့တပ်မတော်မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး မျိုးမင်းဦး က ဆန္ဒပြသူသုံးဦး ဖြစ်သည့် လွမ်ဇော်း၊ ဇော်ဂျတ် နှင့် နန်းပူ တို့ကို ရာဇသတ်ကြီးပုဒ်မ ၅၀၀ အောက်တွင် အသရေဖျက်မှုဖြင့်တရားစွဲဆို ခဲ့သည်။ ထိုသုံးဦးမှာ ဒုက္ခသည်များ၏အခြေအနေ များကို ဖော်ပြသော ဓါတ်ပုံများနှင့် အထောက် အထားများကို သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဖြန့်ဝေခဲ့သည်။ ဒီဇင်ဘာ ၇ရက်နေ့တွင်မြစ်ကြီးနား မြို့နယ် တရားရုံးက စစ်တပ်ကို အသရေဖျက် သည့်အတွက် တစ်ဦးချင်းစီကို ထောင်ဒဏ် ခြောက်လ နှင့် ငွေဒဏ် ကျပ်ငါးသိန်းစီ ပြစ်ဒဏ် ချမှတ်ခဲ့သည်။

## ပယင်းထုတ်လုပ်မှု ပြန်လည်စတင်ခြင်း

၂၀၁၈ ခုနှစ် ဇွန်နှင့် ဇူလိုင် လများတွင်ပယင်း နယ်မြေတွင်တူးဖော်မှုများပြန်လည်စတင်ခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ရက်တွင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် တနိုင်းလွှတ်တော် ကိုယ်စားလှယ် လင်းလင်းဦး နှင့်ဖားကန့်ကိုယ်စား လှယ် တင့်စိုးတို့က သူတို့၏ ခရိုင်များတွင် အသေး စားပယင်းနှင့်ရွှေတူးဖော်မှုကို ခွင့်ပြုချက် ပေးရန် အစိုးရကို တောင်းဆိုခဲ့ရာ ရရှိခဲ့ကြသည်။ ယင်းသည် ပယင်းထုတ်လုပ်မှုကို ဗဟိုအစိုးရက တရားဝင် ဥပဒေကြောင်းအရ ထိန်းချုပ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာစစ်တပ်ကမည်သည့်အချိန်တွင် ပယင်းတူးဖော်မှုများကို စီးပွားဖြစ်အတိုင်းအတာ ဖြင့်လုပ်ပိုင်ခွင့်ကိုတချိန်ချိန်တွင်ချပေးမည် မပေးမည်ကို စောင့်ကြည့် ရမည်ဖြစ်သည်။



## ထိုးစစ်အပေါ် ဒေသခံ များ၏ တုန့်ပြန်ချက်များ

## လူသားချင်းစာနာမှု အထောက်အပံ့ — ဒေသခံများ ထံမှသာ

တနိုင်းရှိ ဒေသခံဘုရားကျောင်းလေးခုကလတ်တလောတွင် ပယင်းဒေသမှ ခန့်မှန်းခြေဒုက္ခသည် ၇၀၀ ခန့်ကို ခိုလှုံခွင့်ပေးထားသည်။ ရာနှင့်ချီသော အခြားသူများမှာ ဆွေမျိုးများနှင့် နေထိုင်ကြသည်။ ကချင်အခြေစိုက် အဖွဲ့အစည်းအများအပြားက အခြေခံလိုအပ်ချက်များ ဖြစ်သည့် နေထိုင်ရန် ပစ္စည်းများ၊ ဆန်၊ ဆီ၊ ဆား စသည်တို့ကို ထောက်ပံ့ လျက်ရှိသည်။ မည်သည့် ဒုက္ခသည်မျှ နိုင်ငံတကာ အကူအညီကို ရရှိခြင်းမရှိပေ။

## အိမ်ပြန်ရန် တောင်းဆိုခြင်း

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၂ရက်တွင် ပယင်းဒေသရှိ အိမ်ထောင်စု ၃၆၃ခုမှရွာသားများသည် မြန်မာနိုင်ငံတော်သမ္မတထံ အိပ်ဖွင့်ပေးစာ တစ်စောင်ကို ထုတ်ပြန် ပေးပို့ခဲ့ သည်။ စာတွင် ဗြိတိသျှ ကိုလိုနီခေတ်မှစတင်၍ သူတို့ရွာများ၏ သမိုင်းကြောင်းကို ဖော်ပြထားပြီး မိသားစုများမှာ မျိုးရိုးစဉ်ဆက် ထိုနေရာတွင် နေထိုင်ခဲ့ကြကြောင်း သက်သေပြထားသည်။ ယင်းတွင် ထိုးစစ်နှင့် သူတို့၏ မြေယာများနှင့် အဖိုးတန်ပစ္စည်းများကို မြန်မာ့တပ်မတော်က သိမ်းပိုက်သွားခဲ့ပုံတို့ကို ဖော်ပြထားသည်။ ထိုနောက် လက်ရှိသူတို့၏ ခံနိုင်စွမ်း မရှိတော့သည့်အခြေအနေများကို ဖော်ပြထားပြီး သူတို့အား အိမ်ပြန်ခွင့်ပြုရန် အစိုးရကို တောင်းဆိုထားသည်။

ကျွန်တော်တို့ နမ်ဖျူနမ်ခမ်းနှင့်အင်ဂါးဂါ ကျေးရွာများမှ ပြည်သူထုထုများသည် စစ်ဘေးဒဏ် ကြောင့်နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်ခဲ့ရသဖြင့်လက်ရှိတွင်ကချင်ပြည်နယ်၊ တနိုင်းမြို့ပေါ်ရှိ ခရစ်ယာန် ဘုရားကျောင်းများနှင့် နီးစပ်ရာဆွေမျိုးသားချင်းများ တို့၏ နေအိမ်များတွင် ခိုလှုံနေထိုင်နေရသဖြင့်မိမိတို့၏ လူမှုရေး၊ ပညာရေး၊ လူမှုဘဝစားဝတ်နေရေး၊ ကျန်းမာရေးနေရာထိုင်ခင်း ကျဉ်းကျပ်မှုများစွာနှင့် ခက်ခဲမှုများစွာကြုံတွေ့နေရသည်။ ထိုကဲ့သို့ ဆင်းရဲ ဒုက္ခခံစား နေရသော မိသားစုတိုင်း၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကင်းမဲ့နေခြင်းကြောင့် ဝမ်းနည်းသိမ်ငယ်မှုများ၊ စိတ်ဓါတ်ကျဆင်းခြင်းများကို တနေ့တခြား ခံစား နေရပါသည်။ ထိုပြင့် မိမိတို့သားသမီးများ၏အနာဂတ် ရှေ့ရေး ဖြစ်သောပညာရေး၊ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်လင့်ချက် ကင်းမဲ့နေသော အခြေ အနေ ဖြစ်နေရ ပါသည်။ ထိုကဲ့သို့ သော ဆင်းရဲဒုက္ခအမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ရသော မိမိတို့ဒေသခံပြည်သူ များ၏ လူမှုဘဝအတွက် အမြန်ဆုံး ပြန်လည် ကုစားနိုင်ရေးအတွက်လူ့အခွင့်အရေး နှင့်အညီ လူ့ဂုဏ်သိက္ခာရှိစွာ မိမိတို့နေရပ်ဌာနေသို့ လွတ်လပ်ပြီး ဘေးကင်း လုံခြုံစွာပြန်လည် အခြေချနေထိုင် လုပ်ကိုင်နိုင် ရေးအတွက် နိုင်ငံတော် အစိုးရမှ အမြန်ဆုံး လမ်းညွှန်ဆောက်ရွက်ပေးပါရန် ဒေသခံ ပြည်သူများမှ သက်ဆိုင်ရာ လူကြီးမင်းများထံ ရိုသေလေးစားစွာဖြင့် တင်ပြတောင်းဆိုး အပ်ပါသည်။

စာထဲတွင် အကယ်၍ ပယင်းလုပ်ငန်းကို ဆက်လက် ခွင့်ပြုပါက သူတို့၏အိမ်များနှင့် မြေများသည် လုံး၀ အပြီးတိုင် ပျက်ဆီး သွားနိုင်ကြောင်းကိုလည်း သတိပေးထားသည်။

ဤကဲ့သို့ စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော မိမိတို့၏ နေရာဒေသများတွင် (၃.၉.၂၀၁၈) နေ့စွဲဖြင့် “Weekly Headline News” သတင်းဂျာနယ်တွင်“ကချင်ပြည်နယ်လွှတ်တော်သဘာ၀ သယံဇာတ ကော်မတီအဖွဲ့ဝင်၊ မိုးညှင်း မြို့နယ် အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းမှမြန်မာ့သတ္တုတွင်း နည်းဥဒေပုဒ်မ-၉၇(က)အရ လက်လုပ် လက်စား လုပ်ကွက်များကိုမြေဧရိယာ သတ်မှတ်ပြီး ကချင်းပြည်ယနယ်၊ တနိုင်းမြို့နယ်တွင် Amber (ခေါ်) ပယင်းကို လုံခြုံရေးအန္တရာယ်ကြားမှ တရားမဝင် စွန့်စား တူးဖော်လုပ်ကိုင်သူများ အခက်အခဲ အမျိုးမျိုးဖြင့် ကြုံတွေ့ ရင်ဆိုင်နေရသည်ဖြင့်ရာ ယခုကဲ့သို့ တရားဝင် တနိုင်တပိုင် လက်လုပ် လက်စား လုပ်ကိုင်ခွင့် ပြုခြင်းဖြင့် အစိုးရအတွက် ထိုက်သင့် သည့် အခွန် အခများရှိလာပြီး ဒေသခံ ပြည်သူလူထု အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရှိလာနိုင်မည် ဖြစ်ကြောင်း အစရှိသဖြင့်..” ဖြေကြားပြောဆိုထားမှုများကို တွေ့ရှိရပါသည်။ ထို့ကြောင့် စစ်ဘေးဒဏ်ကြောင့် ကိုယ်လွှတ်ရုန်း ပြီးခေတ္တစွန့်ခွာထားရစ်ခဲ့ရသော မိမိတို့ပိုင် နေအိမ်၊ လယ်ယာမြေများကိုသတ္တုတူးဖော် လုပ်ကွက် ချမှတ် စီမံပေးမှု များ လုပ်ဆောင်လာပါက မိမိတို့ ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွား ဆုံးရှုံးမှုများ ဆိုးရွားစွာ ဖြစ်ပေါ်လာပြီး မလိုလား အပ်သည့် နောက်ဆက်တွဲ ပဋိပက္ခပြဿနာများ ဖြစ်ပွားလာမည်ကို စိုးရိမ်စရာ ရှိနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ဒေသခံဌာနေပြည်သူများ ခေတ္တထားရစ်ခဲ့သော “နမ်ဖျူနမ်ခမ်းနှင့် အင်ဂါးဂါ ဒေသများရှိ မြေယာများပေါ် ” တွင် သတ္တုတူးဖော် လုပ်ကွက်ချမှတ် ပေးခြင်းများ လုံး၀ မပြုလုပ်ပေးပါရန်နှင့် ကျွန်တော်တို့ဌာနေ

ဒေသခံ ပြည်သူများ၏ အခွင့်အရေးကိုအပြည့် အဝကာကွယ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ များအား ညွှန်ကြားပေးနိုင်ပါရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး ထံသို့ ယုံကြည် အားကိုးစွာဖြင့် လေးစားစွာ တင်ပြ တောင်းဆို အပ်ပါသည်။

သမ္မတရုံးက နိုဝင်ဘာ ၅ ရက်နေ့တွင်ရွာသား များ၏ စာကို အကြောင်းပြန်ခဲ့ပြီး တောင်းဆို ချက်ကို ရရှိကြောင်း နှင့် "လိုအပ်သလိုဆက်လက် လုပ်ဆောင်" သွားမည်ဖြစ် ကြောင်းအကြောင်း ပြန်ကြားခဲ့သည်။ နိုဝင်ဘာ ၆ ရက်နေ့တွင် ရွာသားများသည် ကချင်ပြည်နယ် လွှတ်တော်ရုံး မှ ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးပို့သော စာ မိတ္တူကို ရရှိခဲ့သည်။ ယင်းတွင် ဖော်ပြထား သည်မှာ -

သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် ကချင်ပြည်နယ် လွှတ် တော်ဆိုင်ရာနည်းဥပဒေ၁၇၈အရ ဦးဂမ်ဖန်ပါ (၃၆၃)ဦး၏ တင်ပြလာမှုနှင့် ပတ်သက်၍ လိုအပ်သလို ဆောင်ရွက်ပေးနိုင် ပါရန်နှင့် ဆောင်ရွက် ထားရှိမှုအခြေအနေအား ပြန်ကြား ပေးနိုင်ပါရန် ညှိနှိုင်း ပေးပို့အပ်ပါသည်။

ထိုအချိန်မှစ၍ မည်သည့်အရေးယူဆောင်ရွက်မှုမျှ မတွေ့ရတော့ပဲ နမ့်ဖျူနမ့်ခမ်း၊ နမ့်ဂေါင်၊ အင်ဂါးဂါ၊ ထန်ဘရာနှင့် ဂေလော်ရွာမှ ပြည်သူများ မှာ မရေ ရာမှုများကြားတွင် ဆက်လက် ပိတ်မိ နေခဲ့ သည်။

**သုံးသပ်ချက်**

ကချင်ပြည်နယ်ရှိသယံဇာတများအားမြန်မာ့ တပ်မတော်က သိမ်းယူမှု ထပ်ကာဖြစ်နေသည့်ပုံစံ ဟူးကောင်းချိုင့်ဝှမ်း ပယင်းဒေသထိုးစစ်သည် မြန်မာ့တပ်မတော်က သူ၏နယ်မြေကို ကချင်နယ် မြေအတွင်း တိုးချဲ့ရန်နှင့် ထိုနေရာမှသယံဇာတ များအပေါ် အကျိုးအမြတ်ရရှိရန် အကြိမ်ကြိမ် အကြမ်းဖက်ကြိုးပမ်းမှု၏ နောက် ဆုံးကြိုးပမ်းချက် ဖြစ်သည်။ ဆယ်စုနှစ် တစ်ခု ကျော်ကြာအောင် KDNGက ယင်းပုံစံကို မှတ်တမ်း တင်ခဲ့ပြီး ယင်း ကြောင့်လူသားနှင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီး မှုများ ကျန်ရစ်ခဲ့သည်။ (ဤအစီရင်ခံစာ နောက်ကျောမှ ပုံနှိပ်ထုတ်ဝေမှု စာရင်းတွင် ကြည့်ပါ)

ဟူးကောင်းနယ်မြေတွင်ပင်လျှင် အစိုးရ သည် ၂၀၀၆ ခုနှစ်တွင် မြေဇကေနစ်သိန်း ကို နိုင်ငံတကာ အသိအမှတ်ပြု ကျား ဘေးမဲ့ တောဧရိယာ အတွင်းတွင်အပင်တမျိုးတည်း စိုက်ခင်း တည်ထောင် ရန်အတွက် ယုဇန ကုမ္ပဏီကို လုပ်ပိုင်ခွင့် ချပေးခဲသည်။ ထိုစိုက်ခင်း ကြောင့် ကျားများ ကျက်စားရာ ကျယ်ပြန့် လှသော ဧရိယာက အပင်များကို ခုတ်လှဲခံရ ခြင်း၊ နှစ်ပေါင်းများစွာ လုပ်ကိုင် ခဲ့သော ဒေသခံ များ၏အသေးစားစိုက်ခင်းများကို ဖျက်စီးခြင်း နှင့် ဒေသတွင်း ရေကြောင်းများ အဆိပ်သင့်ခြင်းတို့ ဖြစ်စေခဲ့သည်။

ဖားကန့်တွင် အစိုးရသည် စစ်တပ်အင်အားများကို အသုံးပြုကာ ကျောက်စိမ်း တွင်းများကိုသိမ်းယူပြီး ခရိုနီကုမ္ပဏီများအား လုပ်ပိုင်ခွင့်ချပေးခြင်းဖြင့် စစ်တပ်နှင့် အစိုးရ အတွက် ရောမအကျိုးအမြတ်များကို ရရှိသည်။ ရောမအတိုင်းအတာပျက်စီးစေသောသတ္တု တူးဖော်မှု အလေ့အထများသည် ဂေဟ စံနစ်ကို ပျက်ဆီးစေပြီးဒေသခံပြည် သူ များ ကို အိုးအိမ်မဲ့ ဖြစ်စေသည်။ ကချင်ပြည်နယ်သယံဇာတများ စုပုံရာနေရာ အမျိုးမျိုးတွင် အာဏာပိုင်မှုတည် ဆောက်ပြီးသည့်အချိန်တွင် စစ်တပ်နှင့်ဆက်နွယ် မှုရှိသော ကော်ပိုရေးရှင်းကြီးများကို အစိုးရက လုပ်ပိုင်ခွင့် ချပေးသည်။ စီးပွားဖြစ် တူးဖော်ထုတ်လုပ်ခြင်းတွင် တောင်များအား ဖြိုချ ခြင်း၊ ရွှေတွင်းများမှ ပြဒါးနှင့် ဆိုင်ယာနိုက်တို့

ချောင်းများ မြစ်များအတွင်းသို့ စီးဝင်ခြင်းဖြင့် ဒေသခံ ပြည်သူများကို အဆိပ်သင့်စေခြင်းတို့ဖြင့် ဂေဟစံနစ်နှင့်လူ့အသိုင်းအဝိုင်းများကို ပျက်စီးစေသည်။

ကချင်ပြည်နယ် တလျောက်တွင်ဒေသခံပြည်သူများအား တိုင်ပင်ခြင်း သို့မဟုတ်သဘောတူညီမှု ရယူခြင်းမရှိပဲ အစိုးရသည် ရောမစီမံကိန်းကြီးများကို အစီအစဉ်ရေးဆွဲ စီစဉ်လျက် ရှိသည်။ သဘောတရားအရ "ရပ်ဆိုင်း" ထားသည့် ရောဂတီမြစ်ဆုံ ရေကာတာ စီမံကိန်းကြောင့် ထောင်နှင့် ချီသောလူများ အတင်းအဓမ္မနေရာ ရွှေ့ပြောင်းခံခဲ့ရပြီး ဖြစ်သည်။ တနိုင်းမှာ ကဲ့သို့ ပင် သူတို့သည်လည်း သူတို့အိမ်များသို့မပြန်နိုင်ပဲ မရေရာသောဘဝ တွင် ပိတ်မိလျက် ရှိနေကြသည်။

၁၉၉၄-၂၀၁၁ အတွင်း ကျင့်သုံးခဲ့သည့် ဤ "အပစ်ရပ်" ဖွံ့ဖြိုးရေးပုံစံသည်မြန်မာ့ တပ်မတော်၏ ကျယ်ပြန့်သော တိုးချဲ့မှုနှင့်အတူ ဖျက်ဆီးမှုအား ကောင်းသော ဖွံ့ဖြိုးရေး စီမံကိန်းများ တွဲလျက် ပါလာသည်ကို တွေ့ခဲ့ရပြီးဖြစ်သည်။ မြေယာများ နှင့် အခွင့်အာဏာကို ဗဟိုအစိုးရထံ ရောက်ရှိ သွားပြီး သယံဇာတများမှာပြည်နယ်အတွက် မည်သည့်အကျိုးအမြတ်မျှ ပြန်လည်ရရှိခြင်းမရှိပဲ နောင်အနာဂတ် မျိုးဆက်များထံမှခိုးယူခံလိုက်ရသည်။ ဒေသခံလူကြီးသူမ တစ်ဦးက ပြောပြ သည်မှာ-
၁၉၉၄ခုနှစ်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဟာ စစ်အစိုးရအတွက် ကြီးမားတဲ့ အောင်ပွဲ တစ်ခုဖြစ်ခဲ့တယ်။ ၁၉၉၄ မတိုင်ခင်က ဟူးကောင်း နယ်မြေမှာ အစိုးရတပ်ဖွဲ့အနည်းငယ်သာရှိခဲ့တယ်။ နောက်ပိုင်းမှာ နေရာတကာ ဂိတ်တွေ ဖြစ်လာပြီး အစိုးရ တပ်ဖွဲ့တွေ အရေအတွက်က တဖြေးဖြေး များပြားလာခဲ့တယ်။ လက်ရှိမှာတော့ အစိုးရဟာ ကချင်ပြည်နယ်ထွက် သဘာဝသယံဇာတတွေကရတဲ့ ပိုက်ဆံနဲ့ လက်နက်တွေ ဝယ်ယူပြီး ဒီနေရာမှာစစ်ပြန်လာတိုက်နေတယ်ဆိုတာ ထင်ရှားတယ်။ (အင်တာဗျူး အမှတ် ၇)

၂၀၁၁ ခုနှစ်တွင် ပဋိပက္ခကို စစ်မှန်သော နိုင်ငံရေး ဖြေရှင်းမှုကို မရှာဖွေပဲ ဗဟိုအစိုးရက KIA ကို လက်နက်ချရန် သို့မဟုတ် အမျိုးသားနယ်ခြားစောင့်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းရပ်တည်ရန် တောင်းဆိုခဲ့သည်။ မည်သည့်အချက်ကိုမျှ KIA က ရွေးချယ်ခြင်း မရှိသောကြောင့် ၂၀၁၁ ခုနှစ်တွင် KIA တပ်တည်များကို အသစ်ပြန်လည် တိုက်ခိုက်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးက ချိုးဖောက်ခဲ့သည်။ အရပ်သား NLD အစိုးရ ရွေးချယ်တင်မြောက်ခြင်းကလည်း ဤအစိုးရ အကြမ်းဖက်မှုပုံစံကို ပြောင်းလဲနိုင်ခဲ့ခြင်းမရှိပေ။ စစ်တပ်က အာဏာဆက်ရှိနေပြီး ပြည်နယ်အစိုးရများနှင့် တိုင်းရင်းသား ပြည်သူများမှာသူတို့၏ သယံဇာတများ အသုံးပြုမှုအပေါ် သိသာထင်ရှားသည့် အာဏာပိုင်ဆိုင်မှု မရှိပဲ ထုတ်ဖော်ပြောဆိုသူများမှာလည်း နောက်ယှက် စော်ကားခြင်းနှင့် ထောင်ချခြင်းများကို ကြုံတွေ့ကြရသည်။

## မှာယွင်းသည့် ကြေးကြော်သံ အမှတ် (၁) 'သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး'

၂၀၁၇ ဇွန် ၅ ရက်က ဟူးကောင်းချိုင့်ဝှမ်းအပေါ် ကျဲချခဲ့သည့်စာများတွင် ရေးထားသည့်စာသား

၁။ တနိုင်းမြို့နယ်အတွင်းရှိ ထန်းဘရားမော်၊ ဂမ်းပလာမော်၊အောင်လွတ်မော်၊ တုံမကီမော်၊ ချောင်းဆုံမှောင်၊ နန်ဖြူမော်၊ ဂျာအောင်ဘာမော်၊ ဇီးဖြူကုန်းမော်၊ညောင်ပင်ကုန်းမော်၊ နှင့် နမ့်ကွမ်းမော်များမှာနိုင်ငံတော်မှ တရား ဝင်ခွင့်ပြုထားသည့်မော်များ မဟုတ်ဘဲ ရွှေ၊ ပယင်းတူးဖော်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည့် အပြင် တနိုင်းဒေသ၏ ဂေဟစနစ်ကိုပါ ပျက်စီးဆုံးရှုံး ခြင်းများ ဖြစ်ပေါ်နေသောကြောင့် တပ်မတော် မှ မကြာမီ နယ်မြေရှင်းလင်းခြင်း များကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ပါ၍ မော်များအတွင်းနေထိုင်လျက်ရှိသော ဒေသခံ ပြည်သူများ၊ ရွှေ့ပြောင်း အလုပ်သမား များအနေဖြင့် ၂၀၁၇ ခုနှစ်၊ဇွန်လ၁၅ရက် နေ့ နောက်ဆုံး ထားပြီး ထွက်ခွာရန်နှင့်ထွက်ခွာ ခြင်း မရှိပါက KIA (ကချင်) အကြမ်းဖက်သောင်းကျန်း သူအဖွဲ့နှင့် ပူးပေါင်းနေသည့်သူများအဖြစ် သတ်မှတ် မည်ဖြစ်ပြီး နယ်မြေရှင်းလင်းသည့် အခါ ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု များ ဖြစ်ပေါ်လာမည်ကို မလိုလားသဖြင့် ယခု ကဲ့သို့ ကြိုတင်အသိပေး အကြောင်းကြားခြင်း ဖြစ်ပါသည်။

စာများက သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ဒီဇိုင်းလုပ်ထားသော နယ်မြေ ရှင်းလင်းရေး စစ်ဆင် ရေးဟု ဖော်ပြထားသော်လည်းကချင်ပြည်နယ်နှင့် အခြားမြန်မာနိုင်ငံအတွင်းဒေသများတွင် ကျင့်သုံးသည့် ဗဟိုအစိုးရ၏ မူဝါဒများနှင့် ဆန့်ကျင်ဖက် ဖြစ်နေသည်။မကြာသေးမီနှစ်များက အစိုးရ ချပေးသောကျောက်စိမ်းတွင်းလုပ်ပိုင်ခွင့်များသည် ဂေဟ စနစ် တစ်ခုလုံးကို ပျက်စီးစေခဲ့သည်၊ အစိုးရ သတ်မှတ်ပေးသောရွှေမော်များက ဆိုင်ယာနိုက်နှင့် ပြဒါးများကို ဒေသတွင်း ရေအရင်းမြစ်များအတွင်းသွန်ထုတ်လျက်ရှိသည်။ ရေကာတာ စီမံကိန်းများသည် ဒေသခံလူများကို ထောင်နှင့်ချီ၍အိုးမဲ့အိမ်မဲ့ ဖြစ်စေသည်။ ရေိယာအားဖြင့် ကမ္ဘာတွင် အကြီးမားဆုံးဖြစ်သော ဟူးကောင်းချိုင့်ဝှမ်း ကျား ဘေးမဲ့ကြိုးဝိုင်းတွင် ဒေသခံ လူထုများကို အိုးအိမ်မဲ့ဖြစ်စေပြီး သစ်တော လိုင်းများ ခုတ်လှဲခံခဲ့ရသည့် စက်မှုစိုက်ပျိုးရေး လုပ်ကွက်များကို အစိုးရသည် ယုဇန ကုမ္ပဏီကို ချပေးခဲ့သည်။

လက်ကမ်းစာစောင်များ၏ အချက် ၂ တွင် ရေးသား ဖော်ပြချက်သည်။ "နယ်မြေရှင်းလင်း ရေး" စစ်ဆင်ရေးသည် "တရားမဝင် ရွှေ့ ပြောင်းကျင်းအလုပ်သမားများ"ကိုရည်ရွယ် ခြင်း မရှိပဲ KIA "သောင်း ကျန်းသူများ" ကိုရည်ရွယ်ခြင်းဖြစ်ကြောင်း အထူးသဖြင့် ဂန်ခံထား သည်။ ထိုးစစ်ပြီးနောက် တစ်နှစ်တာကာလအတွင်း တူး ဖော် မှုများကို ပြန်လည်စတင်ခြင်းနှင့် ၂၀၁၈ စက်တင်ဘာလတွင် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ နယ်မြေအတွင်း သတ္တုတူးဖော်ရေးအတွက် ကြိုတင်ခွင့်ပြုချက်ချပေးခြင်းတို့က ယင်းရည်ရွယ်ချက်ကို ရှင်းလင်း ပေါ်လွင်စေသည်။

ထိုသို့အတည်ပြုမှုသည် လွန်ခဲ့သည့် တစ်နှစ်တာအချိန် က သဘာဝပတ်ဝန်းကျင် ပေါ်အခြေခံ၍ ရပ်တံ့အောင် ထိုးစစ်ဆင်နွှဲခဲ့သော ပယင်းတူးဖော်မှုများအပေါ် အစိုးရ၏အခွင့်အာဏာကို အသက်ဝင်စေသည်။ ဒေသခံများ

နှင့်ရွှေ့ပြောင်း ကျင်းတူးသမားများကို နယ်မြေမှ ဖယ်ရှားပြီး တစ်နှစ်မပြည့်မီ အချိန်အတွင်း အစိုးရက ပယင်းတူးဖော်မှုများကို ပြန်လည် စတင်ရန် ခွင့်ပြုချက် ပေးလိုက်ခြင်းသည် ရည်ရွယ်ချက်မှာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး မဟုတ်မူပဲ မြေယာများ သိမ်းယူ ရန်နှင့် ပယင်း မှော်များ၏ ထိန်းချုပ်မှုကို ဗဟိုထိန်းချုပ်မှုရယူရန် ဖြစ်ကြောင်း ပြသနေပေသည်။

အခွင့်အာဏာပေးခြင်းသည် အစိုးရက ခွင့်ပြု ချက်ချမှတ်ပေးသော အနီးပတ်ဝန်းကျင်ရှိ ကျောက်စိမ်းတွင်းနှင့်ရွှေလုပ်ငန်းများတွင်ဖြစ်ပေါ်သည့် ပုံစံများကဲ့သို့ ရောမ စီးပွားဖြစ် တူးဖော်မှုများ ပေါ်ပေါက်စေပြီး တရားမဝင် တူးဖော်မှုများ တိုးများစေရန် အလားအလာများ ဖွင့်ပေးလိုက်ခြင်း ဖြစ် သည်။ အမှန်တကယ်အားဖြင့် ပယင်းဒေသရှိ ဒေသခံများသည်သူတို့အတွက်အိမ်ပြန်ရန် အိမ်များ မည်သည့်အခါမျှရှိတော့မည်မဟုတ်သည်ကို စိုးရိမ် ပူပန်နေကြရသည်။

## မှားယွင်းသည့် ကြေးကြော်သံ အမှတ်(၂) ‘တရားဝင်’ တူးဖော်မှုသည် လုပ်ငန်းကို ထိန်းချုပ်နိုင်ပြီး ပြည်သူများကို အကျိုးအမြတ်ရှိစေသည်။

လွှတ်တော်ကိုယ်စားလှယ် လင်းလင်းဦးနှင့် တင်စိုးတို့ကသူတို့၏သမ္မတထံပေးစာတွင် တနိုင်း နှင့် ဖားကန့်တွင် ပယင်းတူးဖော်မှုများကို တရားဝင်ဖြစ်စေခြင်းသည် “နိုင်ငံ၏ သဘာဝ သယံဇာတများ ဆုံးရှုံးမှုကို ကာကွယ်နိုင်မည်” ဖြစ်ပြီး “ပြည်ထောင်စုအတွက် ဝင်ငွေ ရရှိစေနိုင်မည်” ဟု ဖော်ပြထားသည်။ သို့ရာတွင် ဖားကန့်ရှိ ကျောက်စိမ်းလုပ်ငန်းများကို တရားဝင်လုပ်ဆောင်ထားသော်လည်း ကျောက်စိမ်းအများစုမှာ တရုတ်နိုင်ငံသို့လက္ကားတင်ပို့နေပြီး ပြည်ထောင်စုအတွက် ဝင်ငွေအနည်းငယ်ကိုသာရရှိစေပြီး ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူများအတွက် မည်သည့် အကျိုးအမြတ်ကိုမျှ ရရှိစေခြင်း မရှိပေ။ “တရားဝင်” တူးဖော်မှု များကိုလည်း ကြီးကြပ်မှု မရှိပဲ ယင်းအခြေအနေကိုစောင့်ကြည့်လေ့လာသော အရပ်ဘက်အဖွဲ့အစည်းများမှာသာ နှောက်ယှက်စော်ကား ခံရသည်။

## သုံးသပ်ချက်နှင့် အဖြေများ

ဟူးကောင်း ပယင်း မော်များမှာ ကချင်မြေတွင် ရှိသော်လည်း ယနေ့အခါ ယင်းတို့ကို နေပြည်တော် ဗဟိုအစိုးရက ထိန်းချုပ်ထားသည်။ ဒေသခံပြည်သူများ ပယင်းမော်နေရာရှိ သူတို့အိမ်များမှ ရွှေ့ပြောင်း ကြရပြီး ဒုက္ခသည်စခန်းများနှင့် ဘုရားကျောင်းဝင်းများတွင် ကျန်ရှိနေဆဲဖြစ်ပြီး ဒေါ်လာ တစ်ဘီလီယံ တန်ဖိုးရှိသည့် ပယင်းများသည် သူတို့ကိုဖြတ်၍ တရုတ်နိုင်ငံနယ်စပ်သို့ သယ်ဆောင်သွားပြီးထိုမှ တဆင့် နိုင်ငံတကာ အကျိုးအမြတ်များနှင့် အခြားသူများအတွက် နာမည်ကောင်းများကို ဖန်တီးပေး လျက် ရှိသည်။

ကချင်ပြည်နယ်ရှိ မြေများနှင့် သယံဇာတများအပေါ် ဗဟိုအာဏာပိုင်ဆိုင်မှုသည် ဆယ်စုနှစ်များစွာ ပဋိပက္ခများကို ဖန်တီးခဲ့ပြီး သယံဇာတအားလုံးကို ဗဟိုအစိုးရကို ပေးထားသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအောက်တွင် မဖြေရှင်းနိုင်ပေ။ မြန်မာနိုင်ငံရှိ ပြည်သူအားလုံးကို သယံဇာတ ဖက်ဒရယ် စနစ်မှတဆင့် ငြိမ်းချမ်းရေးရရှိစေရန် မြေယာပိုင်ဆိုင်ခွင့်နှင့် သယံဇာတ ပိုင်ဆိုင်မှု သတ်မှတ်ချက်များကို ပြောင်းလဲပစ်ရမည် ဖြစ်သည်။

ဟူးကောင်း ပယင်းမော်ဒေသတွင် အဓိကကျသော ရေတိုလုပ်ငန်းလုပ်ဆောင်မှုများ၊ မြန်မာစစ်တပ်၏ ရန်လိုမှုကို အစိုးရနှင့် နိုင်ငံတကာ တုန့်ပြန်မှုများနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းတို့သည် မြန်မာ နိုင်ငံရေရှည်ငြိမ်းချမ်းရေးအတွက် သွားရာလမ်းဖြစ်သည်။

## ရေတိုလုပ်ငန်းစဉ်
## ပြည်ထောင်စုနှင့် ကချင်ပြည်နယ် အစိုးရများ

- တနိုင်းနှင့် ဟူးကောင်းချိုင့်ဝှမ်းတွင်ရှိသော စခန်းများနှင့် ဘုရားကျောင်းဝင်းများတွင် နေထိုင်နေ သော ပြည်တွင်းဒုက္ခသည်များထံ လူသားချင်းစာနာသော အကူအညီများ ရောက်ရှိ စေရန် ခွင့်ပြု ရန်။
- ဟူးကောင်းချိုင့်ဝှမ်းနှင့် မြန်မာနိုင်ငံ အခြားတိုင်းရင်းသားဒေသများရှိ စစ်တပ်တိုးချဲ့ မှုများနှင့်ထိုးစစ် များကို အဆုံးသတ်ရန်
- ရွှေ့ပြောင်းရွာသားများကို အကြမ်းဖက်မှု ခြိမ်းခြောက်မှုမရှိစေပဲ သူတို့နေအိမ်များသို့ ပြန်သွားခွင့် ပြုရန်။

## နိုင်ငံရပ်ခြားအစိုးရများနှင့် အဖွဲ့အစည်းများ

- မြန်မာစစ်တပ်၏ တိုင်းရင်းသားပြည်သူများအပေါ် အကြမ်းဖက်မှုနှင့် သူတို့၏ မြေယာများ သိမ်းဆည်း မှုများကို လူသိရှင်ကြား ရှုတ်ချခြင်း။
- မြန်မာစစ်တပ်က ကချင်နှင့် အခြားသော တိုင်းရင်းသား ပြည်သူများအပေါ် လုပ်ဆောင်နေသော ထိုးစစ်များကို ရပ်တန့်သည်အထိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် ငွေကြေးထောက်ပံ့မှုကို

ရပ်ဆိုင်းခြင်းနှင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ ရုတ်သိမ်းခြင်း။

- စစ်တပ်ကျူးကျော်ရန်လိုမှုကြောင့် သူတို့၏နေအိမ်များနှင့် နေထိုင်စားသောက်မှု ဘဝများမှ ရွှေ့ပြောင်းခဲ့ရသည့် လူထုများကိုကူညီရန် လူသားချင်းစာနာသော အကူအညီများ ပေးပို့ခြင်း။

## ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှု

ကချင်ပြည်နယ်တွင် ပဋိပက္ခများ ဖြေရှင်းရန်အတွက် ဒေသခံ ပြည်သူများသည် သူတို့ နေထိုင်လုပ်ကိုင်သော မြေများရှိ သဘာဝသယံဇာတများကို ပိုင်ဆိုင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဝင်ငွေရရှိခြင်းများရှိရမည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို နိုင်ငံရေးနှင့် ဥပဒေရေးအရ လက်တွေ့ကျင့်သုံးနိုင်စေရန် ပြင်ဆင်ရမည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ သယံဇာတများအားလုံးကို ဗဟိုအစိုးရကပိုင်ပြီး သင့်လျော်သည်ဟု မြင်ပါက သဘာဝသယံဇာတများကို တူးဖော်ထုတ်လုပ်ရန် အခွင့်အာဏာရှိသည်ဟူသော ကြေညာချက်ကြောင့် အနှုတ်လက္ခဏာဆောင်သော ဖွံ့ဖြိုးမှုရလဒ်များကို အာမခံထားသည်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အောက်ပါအတိုင်း ပြောင်းလဲ ရမည်။

အခန်း ၁။ အပိုဒ် ၃၇(က)။ "နိုင်ငံတော် (နေပြည်တော်) သည် နိုင်ငံတော်၏ နယ်နမိတ် အတွင်းရှိ မြေယာအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝ သယံဇာတ အားလုံး၏ ပင်ရင်း ပိုင်ရှင်ဖြစ်သည်။" ဆိုသည်ကို အောက်ပါအတိုင်းပြင်ဆင်ရမည်။

"ကချင်ပြည်သူများသည် ကချင်ပြည်နယ်အတွင်းရှိ မြေယာအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝ သယံဇာတ အားလုံး၏ ပိုင်ရှင်ဖြစ်သည်။"

နှင့်

အခန်း ၁။ ၃၇ (ခ)။ "နိုင်ငံတော်သည် နိုင်ငံပိုင် သဘာဝ သယံဇာတပစ္စည်းများအား စီးပွားရေး လုပ်ငန်းများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။"ကို အောက်ပါအတိုင်း ပြင်ဆင်ရမည်။
"ကချင်ပြည်နယ်၏ ပြည်သူများသည် ပြည်နယ်ပိုင် သဘာဝသယံဇာတပစ္စည်းများအား စီးပွားရေး လုပ်ငန်းများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။"

နောက်ဆက်တွဲ ၁။

ဝေဟင်မှ သတိပေးအကြောင်းကြားစာကို ၂၀၁၇ ဇွန်လ ၅ ရက် နေ့တွင်ကျဲချခဲ့

### အသိပေးအကြောင်းကြားခြင်း

၁။ တနိုင်းမြို့နယ်အတွင်းရှိ ထန်းပလားမော်၊ ဝမ်းပလာမော်၊ အောင်လွတ်မော်၊ တုံမကော်မော်၊ ချောင်းဆုံမော်၊ နန့်ဖြူမော်၊ ဂွာအောင်ဘာမော်၊ ဇီဖြူကုန်းမော်၊ ညောင်ပင်ကုန်းမော်နှင့် နမ့်ကွမ်းမော်များမှာ နိုင်ငံတော်မှတရားဝင်ခွင့်ပြုထားသည့်မော်များမဟုတ်ဘဲ ရွှေ/ပယင်းတူးဖော်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသည့်အပြင် တနိုင်းဒေသ၏ ဂေဟစနစ်ကိုပါ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေသောကြောင့် တပ်မတော်မှ မကြာမီနယ်မြေရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ မော်များအတွင်းနေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၊ ရွှေမြောင်းအလုပ်သမားများအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့နောက်ဆုံးထားပြီးထွက်ခွာရန်နှင့် ထွက်ခွာခြင်းမရှိပါက KIA(ကချင်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းနေသည့်သူများအဖြစ် သတ်မှတ်မည်ဖြစ်ပြီး နယ်မြေရှင်းလင်းသည့်အခါ ပြည်သူများ သေဆုံး/ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လာမည်ကို မလိုလားသဖြင့် ယခုကဲ့သို့ကြိုတင်အသိပေးအကြောင်းကြားခြင်းဖြစ်ပါသည်။

## နောက်ဆက်တွဲ ၂။
## ထိုးစစ်အပေါ် ကချင်နိုင်ငံရေးပါတီများ၏ သဘောထားထုတ်ပြန်ချက်

မြန်မာ့တပ်မတော်မှ ဟူးကောင်းချိုင့်ဝှမ်းဒေသသို့ ထိုးစစ်ဆင်ခြင်းအပေါ်
ကချင်နိုင်ငံရေးပါတီများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ(KPCC)မှ သဘောထားထုတ်ပြန်ကြေညာချက်
အမှတ်စဉ် (၈ / ၂၀၁၇ )

၁။ ၂၁-ရာစု ပင်လုံညီလာခံ (ဒုတိယအကြိမ်) ပြီးနောက် (၅၊၆၊၂၀၁၇)ရက်နေ့တွင်မြန်မာ့တပ်မတော်မှ တနိုင်းမြို့နယ်အတွင်းရှိ ရွှေ/ပယင်းမော်များအတွင်း နေထိုင်လျက် ရှိသောဒေသခံပြည်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် (၁၅၊၆၊၂၀၁၇) နေ့တွင်နောက်ဆုံးထား ထွက်ခွာရန်စသည်ဖြင့် ပါဝင်သောစာများကို ရဟတ်ယဉ်ပေါ်မှဖြန့်ကျဲခဲ့ပြီးနောက် တပ်မတော်၏ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဟူးကောင်းဒေသတွင် စစ်ရေးပဋိပက္ခအရှိန်မြင့်တက်လာပါသည်။

၂။ လက်ရှိမြန်မာ့တပ်မတော်၏ထိုးစစ်ဆင်တိုက်ခိုက်နေသော ကချင်ပြည်နယ်ဟူးကောင်းချိုင့်ဝှမ်းဒေသတွင်ရွှေနှင့် ပယင်းသတ္တုတူးဖော်နေသောဒေသသာမဟုတ်ဘဲ နှစ်ပေါင်းများစွာနေထိုင်သော ဒေသခံဌာနေတိုင်းရင်းသားများ ထောင်သောင်းချီနေထိုင်သောဒေသဖြစ်သည်။ လွန်ခဲ့သော(၆)နှစ်ခန့်မှစတင်ပြီး ကချင်ပြည်နယ်အတွင်းရှိ ဒေသခံဌာနေတိုင်းရင်းသား (၁၀၀၀၀၀) ကျော်ကို အတင်းအဓမ္မပြောင်းရွှေ့စေပြီး ၎င်းတို့နေထိုင်သော ကျေးရွာ၊ မြေယာ၊ နှင့် ဥယျာဉ်ခြံများအားလုံးကိုသိမ်းပိုက်ရန် ရည်ရွယ်ချက်ရှိနေကြောင်းတွေ့ရသည်။ ထိုဆုံးရှုံးသွားသော မြေယာများကို ဒေသခံ တောင်သူများအား ယနေ့အချိန်အထိပြန်လည်ပေးအပ်ခြင်းမရှိသေးပါ။

၃။ ယခုကဲ့သို့မြန်မာ့တပ်မတော်မှထိုးစစ်ဆင်မှုသည် လက်ရှိ ပြည်တွင်းငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ်တစုံတရာရိုက်ခတ်လာနိုင်ပါသည်။ ဒေသခံ ဌာနေတိုင်းရင်းသားများ၏မြေယာများကိုသိမ်းဆည်းခြင်းသည် ဒေသခံပြည်သူ ထောင်သောင်း ကိုဘယ်သောအခါမှ နေထိုင်ခွင့်မရှိအောင် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆပါသဖြင့် အပြန်အလှန်ယုံကြည်မှုများကိုပျက်ပြားလာစေနိုင်၍ ကြောက်ရွံ့ ထိတ်လန့်ခြင်းနှင့် အချင်းချင်းအကြား အမျက်ဒေါသများကို မီးမွှေးပေးသလိုဖြစ်စေနိုင်ပါသည်။

၄။ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံရေးစံနစ် ဖွဲ့စည်းတည်ဆောက်ရာတွင် မြေယာနှင့်သဘာဝသယံဇာတကို ဗဟိုမှထိန်းချုပ်မှုမပြုလုပ်ပဲ ကချင်ပြည်နယ်သူ/သားများနှင့် ဒေသခံဌာနေတိုင်းရင်းသားတို့မှ စီမံခန့်ခွဲခြင်း ပြုစေနိုင်သော နိုင်ငံရေးဆွေးနွေးပွဲမှရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် ပြည်တွင်းစစ်၏ပဋိပက္ခကိုငြိမ်းချမ်းစွာဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**၂၀၁၇ ခုနှစ် ဇွန်လ (၂၁) ရက်**

ဦးဆောင်ကော်မတီ (KPCC)

**ဆက်သွယ်ရန်။** (၁) ဦးဂျော်ဆန်းနော် (KDP) 09793608893
(၂) ဦးဂျိုလန်းဖေယ် (KNC) 09402763018
(၃) ဦးလွှမ်းခေါင် (LNUDP) 09400036931
(၄) ဦးတူးနော် (KSDP) 0947020087

နောက်ဆက်တွဲ ၃။

# ဟူးကောင်းဒေသစစ်ပြေးဒုက္ခသည်များမှ နိုင်ငံတော်သမ္မတထံသို့အိတ်ဖွင့်ပေးစာပို့ခြင်း

သို့/

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတရုံး

နေပြည်တော်။

**ရက်စွဲ၊ ၂၀၁၈ခုနှစ်၊အောက်တိုဘာလ(၁၂)ရက်၊**

အကြောင်းအရာ။ **၊ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ တနိုင်းမြို့နယ်၊ နမ်ခမ်းနှင့်အင်ဂါးဂါးကျေးရွာ ဒေသစစ်စစ်ဘေးရှောင်ပြည်သူများ မိမိတို့နေရပ်သို့ လွတ်လပ်စွာ ပြန်လည်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးနှင့် မိမိတို့ကျေးရွာနှင့် လယ်ယာမြေများကို သတ္တုတူးဖော် လုပ်ကွက်ချမှတ်ပေးခြင်းများကို တားမြစ်ပိတ်ပင်ပေးရန်အတွက် သက်ဆိုင်ရာများအား ညွှန်ကြားပေးပါရန် တင်ပြတောင်းဆိုခြင်း၊**

**နိုင်ငံတော်သမ္မတကြီး ခင်ဗျား-**

**ကျွန်တော်တို့** ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ တနိုင်းမြို့နယ်၊ နမ်ခမ်းနှင့် အင်ဂါးဂါးကျေးရွာ ဒေသခံဌာနေ ပြည်သူများမှ လေးစားစွာဖြင့် အောက်ပါအတိုင်း တင်ပြတောင်းဆိုအပ်ပါသည်။

**<u>နောက်ခံသမိုင်းကြောင်းအကျဉ်း</u>**

- ဟူးကောင်းချိုင့်ဝှမ်းဒေသသည် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့များ နယ်ချဲ့အုပ်ချုပ်မှု မတိုင်မီ ကတည်းက ကချင်ဒူဝါကြီးများ(၁၂)ဦးမှ အုပ်ချုပ်နေထိုင်လာခဲ့သော နေရာဒေသများဖြစ်ပါသည်။ နမ်ဂျူ၊ နမ်ခမ်း၊ အင်ဂါးဂါးကျေးရွာများသည် ၄င်းဒူဝါများ အုပ်ချုပ်ခဲ့သော ဒေသများအနက်မှ ဝလောဘွမ်ဒူဝါ ၊ အနိုင်းဒူဝါ၊ လဖိုင်ဒူဝါ အုပ်ချုပ်ခဲ့သောနေရာများ ဖြစ်ပါသည်။ ထိုဒေသများတွင် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့များ ရောက်ရှိလာပြီးနောက် ကချင်ဒူဝါကြီးများကို ဆက်လက်အုပ်ချုပ်ခွင့် ပြုခဲ့ပါသည်။ ပါလီမန်ဒီမိုကရေစီစနစ်သို့ ရောက်ရှိလာသည့်တိုင်အောင် ၄င်းဒူဝါများကိုသာ ဆက်လက်ခန့်အပ်ပြီး အုပ်ချုပ်စေခဲ့သော နေရာဒေသများ ဖြစ်ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်လည်း ရပ်ကွက်ကျေးရွာကောင်စီ အဆင့်ဆင့်ဖြင့် ဖွဲ့စည်းအုပ်ချုပ်ခဲ့သော နေရာဒေသများလည်း ဖြစ်ပါသည်။ ၁၉၆၄ ခုနှစ်တွင် ကောင်ဂျာဂါး၊ ဆင(မ်)ဆဂါး၊ ကွမ်နဲန်ဂါး၊ ခက်ဒန် အွိုင်လောဂါး၊ ထန်းဘွမ်၊ ငါမော့ဂါး၊ ဖရော်မ်ဂါး၊ လလောင်ဂါး၊ ငန်ဒီးဂါး၊ အင်ဂမ်ဂါး၊ မဂါးဂါး၊ မရှုဂါး

ဒေသများတွင် စစ်ပွဲများဖြစ်လာခဲ့ခြင်းကြောင့် ၎င်းဒေသများတွင် နေထိုင်ခဲ့သော ဌာနေဒေသခံပြည်သူများသည် စစ်ဘေးဒဏ်များကို ခံခဲ့ရသည်။ ထို့နောက် ၁၉၆၆ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရမှ ခဆန်၊ ကောင်ဂျာ၊ ကအန်ရှိန်ရာ၊ ဂျာအောင်ယန်၊ ဆင်(မ်)ဆ၊ ပါလဲန့်၊ ဒိန်ခွန်၊ နမ်ခမ်ပါ၊ နောင်ဝမ့်၊ ဖီးကောင်း စသည့်ရွာများကို **စုစည်းပြီး ၁၉၈၆ ခုနှစ်တွင် ဖီးကောင်ရွာတွင် နမ်ဗျူ၊ နမ့်ခမ်းရွာဟု အမည်သစ် ပေးခဲ့ပြီး နိုင်ငံတော်အစိုးရမှ** ၁၉၈၆ ခုနှစ်တွင် တနိုင်းမြို့ နယ်ပါတီဥက္ကဋ္ဌအဖြစ် ဆမား ထိန်နန်ဒူနှင့် ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးမြင့်မောင်တို့ သက်တမ်းတွင် ဦးအင်ခွမ်နော်ဆမ်အား ကျေးရွာအုပ်စု ဥက္ကဋ္ဌအဖြစ် တရားဝင် ခန့်အပ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရမှ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ ဖြိုးရေးများ အတွက် တရားဝင်ထောက်ပံ့မှုများပေးခဲ့ပြီး ဒေသခံပြည်သူများကို နိုင်ငံသားမှတ်ပုံတင် ထုတ်ပေးခြင်း များလည်း ပြုလုပ်ခဲ့ပါသည်။ ဒေသခံပြည်သူများဘက်မှလဲ အစိုးရစစ်တပ်အတွက် လိုအပ်သော ကာယ လုပ်အားပေး ထောက်ပံ့မှုများနှင့် တောင်သူလယ်သမားများဘက်မှလည်း လယ်တဧကလျှင် စပါးလေးတင်း နှုန်းဖြင့် အစိုးရသို့ ပုံမှန်စပါးပေးသွင်းခဲ့မှုများ ရှိပါသည်။ ၁၉၈၈ ကျောင်းသားသပိတ် အရေးခင်းနောက်ပိုင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး တည်ဆောက် ရေးအဖွဲ့ခေတ်တွင် နမ်ဗျူ နမ်ခမ်းကျေးရွာ ဥက္ကဋ္ဌအဖြစ် ဦးလရီးနော်အား ပြန်လည်တာဝန်ပေး ခန့်အပ်အုပ်ချုပ်ခဲ့ပါသည်။

- ထို့နောက် ၁၉၉၄ ခုနှစ် အစိုးရနှင့် ကေအိုင်အို/ကေအိုင်အေလက်နက်ကိုင်အဖွဲ့တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ပြီးနောက် ဌာနေဒေသခံများသည် ၎င်းတို့၏ ကျေးရွာများတွင် လူမှုဖွံ့ ဖြိုးရေး အတွက် အလယ်တန်းကျောင်း ပညာရေး၊ ကျေးလက်ကျန်းမာရေး၊ ဘုရားကျောင်းကန်နှင့် အခြေခံ အဆောက်အအုံများအခိုင်အမာတည်ရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော လယ်ယာမြေများကို လုပ်ကိုင်စားသောက်ပြီး အခိုင်အမာအတည်တကျ အခြေချနေထိုင်ခဲ့သော ကျေးရွာများ ဖြစ်ပါသည်။ ထိုကျေးရွာများတွင် အစိုးရမှ **၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး မဲဆန္ဒ ကောက်ခံမှုများကို ပြုလုပ်ခဲ့သည့်အပြင် ၂၀၁၀ ခုနှစ်တွင် မဲဆန္ဒနယ်မြေ အမှတ်(၂) အဖြစ် နမ်ဗျူ၊ နမ်ခမ်း၊ အင်ဂါးဂါးကျေးရွာများတွင်လည်း ရွေးကောက်ပွဲ ပြုလုပ်ကျင်းပခဲ့သည်။** ထိုကဲ့သို့သော သမိုင်းကြောင်းများ အရ နမ်ဗျူနမ်ခမ်း၊ အင်ဂါးဂါး ကျေးရွာများသည် သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ရွှေ့ ပြောင်း အလုပ်သမားများ လာရောက်လုပ်ကိုင်ခြင်းကြောင့်သာ ထွက်ပေါ်လာသော နေရာဒေသများမဟုတ်ဘဲ ရှေးယခင်ကတည်းက ခေတ်အဆက်ဆက် အုပ်ချုပ်ရေးယန္တရားများဖြင့် အခိုင်အမာ တည်ရှိခဲ့သော ကျေးရွာများ ဖြစ်ပါသည်။
- ထိုကဲ့သို့ သမိုင်းကြောင်းအစဉ်အလာရှိခဲ့သော မိမိတို့၏ "နမ်ဗျူ၊ နမ်ခမ်း၊ အင်ဂါးဂါးကျေးရွာ" အနီးတဝိုက် တွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ရဟတ်ယာဉ်ပေါ်မှ ကျွန်တော်တို့ကျေးရွာများအပါအဝင်

ကျေးရွာအနီး တဝိုက် နေရာများတွင် နေထိုင်လုပ်ကိုင်စားသောက်နေသူများအားလုံးကို ထိုနေရာဒေသများမှ ၂၀၁၇ ခုနှစ်၊ ဖွန်လ(၁၅) ရက်နေ့ နောက်ဆုံးထား၍ အမြန်ဆုံး ဖယ်ရှားရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့မှုများ ရှိခဲ့သည်။ ထို့နောက် ထိုဒေသများတွင် တိုက်ပွဲများပြင်းထန်လာသောကြောင့် ကျွန်တော်တို့ ဌာနေဒေသခံများလည်း ကြောက်ရွံ့ခြင်းများကြောင့် ၂၀၁၇ခုနှစ်၊ ဖွန်လ(၆)ရက် နေ့မှစ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်မှာ ယနေ့ အချိန်အထိ နေရပ်သို့ လုံခြုံစွာ ပြန်နိုင်ခြင်းမရှိဘဲ တနိုင်းမြို့ရှိ ခရစ်ယာန်ဘာသာရေး ကျောင်းဝင်းများနှင့် နီးစပ်ရာ ဆွေမျိုးသားချင်းများတို့၏ နေအိမ်များတွင် သွားရောက်မှီခိုနေထိုင် ခိုလှုံနေရဆဲဖြစ်ပါသည်။

- စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသော ကျေးရွာများနှင့် အိမ်ထောင်စုများမှာ အင်ဂါးဂါးကျေးရွာမှ အိမ်ခြေ(၄၅)နှင့် လူဦးရေစုစုပေါင်း(၂၀၀)ကျော်ရှိပြီး၊ နမ်ဗျူ နမ်ခမ်းကျေးရွာမှ အိမ်ခြေ( ၅၀၀ ) ကျော်၊ လူဦးရေ စုစုပေါင်း ( ၂၅၀၀ )ကျော် တို့ဖြစ်သည်။

## တောင်းဆိုလိုသည့်အချက်များ

၁။ ကျွန်တော်တို့ နမ်ဗျူ၊ နမ်ခမ်းနှင့် အင်ဂါးဂါးကျေးရွာများမှ ပြည်သူလူထုများသည် စစ်ဘေးဒဏ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသဖြင့် လက်ရှိတွင် ကချင်ပြည်နယ်၊ တနိုင်းမြို့ပေါ်ရှိ ခရစ်ယာန် ဘုရားကျောင်းဝင်းများနှင့် နီးစပ်ရာ ဆွေမျိုးသားချင်းများတို့၏ နေအိမ်များတွင် ခိုလှုံနေထိုင်နေရသဖြင့် မိမိတို့၏ လူမှုရေး၊ ပညာရေး၊ လူမှုဘဝ စားဝတ်နေရေး၊ ကျန်းမာရေး နေရာထိုင်ခင်း ကျဉ်းကျပ်မှုများစွာနှင့်ခက်ခဲမှုများစွာ ကြုံတွေ့ နေရသည်။ ထိုကဲ့သို့ ဆင်းရဲဒုက္ခ ခံနေရသော မိသားစုတိုင်း၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကင်းမဲ့ နေခြင်းကြောင့် ဝမ်းနည်းသိမ်ငယ်မှုများ၊ စိတ်ဓါတ်ကျဆင်းခြင်းများကို တနေ့တခြား ခံစားနေရပါသည်။ ထို့ပြင် မိမိတို့ သားသမီးများ၏ အနာဂတ်ရေ့ ရေးဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်လင့်ချက်ကင်းမဲ့နေသော အခြေအနေ ဖြစ်နေရပါသည်။ ထိုကဲ့သို့သော ဆင်းရဲဒုက္ခအမျိုးမျိုးရင်ဆိုင်ကြုံတွေ့ နေရသော မိမိတို့ ဒေသခံပြည်သူများ၏ လူမှုဘဝအတွက် အမြန်ဆုံး ပြန်လည်ကုစားနိုင်ရေးအတွက် လူ့အခွင့် အရေးနှင့်အညီ လူ့ဂုဏ်သိက္ခာရှိစွာ မိမိတို့ နေရပ်ဌာနေသို့ လွတ်လပ်ပြီး ဘေးကင်းလုံခြုံစွာ ပြန်လည် အခြေချ နေထိုင် လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အမြန်ဆုံး လမ်းညွှန်ဆောင်ရွက်ပေးပါရန် ဒေသခံ ပြည်သူ များမှ သက်ဆိုင်ရာ လူကြီးမင်းများထံ ရိုသေလေးစားစွာဖြင့် တင်ပြတောင်းဆို အပ်ပါသည်။

၂။ ဤကဲ့သို့ စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော မိမိတို့၏ နေရာဒေသများတွင် (၃. ၉ . ၂၀၁၈) နေ့စွဲဖြင့် "Weekly Headline News" သတင်းဂျာနယ်တွင် ***"ကချင်ပြည်နယ် လွှတ်တော် သဘာဝ သယံဇာတ ကော်မတီအဖွဲ့ဝင်၊ မိုးညှင်းမြို့နယ် အမှတ်(၂)ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းမှ မြန်မာ***

*သတ္တုတွင်း နည်းဥပဒေ ပုဒ်မ-၉၇ (က) အရ လက်လုပ်လက်စားလုပ်ကွက်များကို မြေဧရိယာသတ်မှတ်ပြီး ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်တွင် AMBER (ခေါ်) ပယင်းကို လုံခြုံရေး အန္တရာယ်ကြားမှ တရားမဝင် စွန့်စား တူးဖော် လုပ်ကိုင်သူများ အစက်အစဲ အမျိုးမျိုးဖြင့် ကြုံတွေ့ရင်ဆိုင်နေရသည်ဖြစ်ရာ ယခုကဲ့သို့ တရားဝင် တနိုင် တပိုင် လက်လုပ်လက်စား လုပ်ကိုင်ခွင့် ပြုခြင်းဖြင့် အစိုးရအတွက် ထိုက်သင့်သည့် အခွန်အခများ ရှိလာပြီး ဒေသခံပြည်သူလူထု အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရှိလာနိုင်မည်ဖြစ်ကြောင်း အစရှိသဖြင့်..”* ဖြေကြား ပြောဆိုထားမှုများကို တွေ့ရှိရပါသည်။ ထို့ကြောင့် စစ်ဘေးဒဏ်ကြောင့် ကိုယ်လွတ်ရုန်းပြီး ခေတ္တစွန့်ခွာ ထားရစ်ခဲ့ရသော မိမိတို့ပိုင် နေအိမ်၊ လယ်ယာမြေများကို သတ္တုတူးဖော်လုပ်ကွက် ချမှတ်စီမံပေးမှုများ လုပ်ဆောင် လာပါက မိမိတို့ ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွားဆုံးရှုံးမှုများ ဆိုးရွားစွာ ဖြစ်ပေါ်လာပြီး မလိုလားအပ်သည့် နောက်ဆက်တွဲ ပဋိပက္ခပြဿနာများ ဖြစ်ပွားလာမည်ကို စိုးရိမ်စရာ ရှိနေပါသည်။

သို့ဖြစ်ပါ၍ **ကျွန်တော်တို့ဒေသခံဌာနေပြည်သူများ ခေတ္တထားရစ်ခဲ့သော "နမ်ဗျူ နမ်ခမ်းနှင့် အင်ဂါးဂါး ဒေသများရှိ မြေယာများပေါ်"**တွင် သတ္တုတူးဖော် လုပ်ကွက်ချမှတ်ပေးခြင်းများ လုံးဝ မပြုလုပ်ပေးပါရန်နှင့် ကျွန်တော်တို့ ဌာနေဒေသခံပြည်သူများ၏ အခွင့်အရေးကို အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ များအား ညွှန်ကြားပေးနိုင်ပါရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးထံသို့ ယုံကြည်အားကိုးစွာဖြင့် လေးစားစွာ တင်ပြတောင်းဆိုအပ်ပါသည်။

တင်ပြတောင်းဆိုသူများ

**နမ်ခမ်းနှင့်အင်ဂါးဂါးကျေးရွာဒေသခံဌာနေ ပြည်သူများ**

**ဟူးကောင်းချိုင့်ဝှမ်းဒေသ၊တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။**

**<u>ပူးတွဲပါစာရွက်စာတမ်းများ</u>**

၁။ ဌာနေဒေသခံရွာသူ ရွာသား၊ အိမ်ထောင်စု အရေအတွက် စုစုပေါင်း (၃၆၃)စု၏ အိမ်ထောင်ဦးစီးများမှ လက်မှတ်ရေးထိုးထားသော စာစု မူရင်းတစောင်။

**<u>မိတ္တူကို</u>**

၁။ လက်ခံ

( ပြန်ကြားချက်များကို အသိပေးနိုင်ရန် ဖုန်းနံပါတ်- 0949444715/ 09259253833 သို့ ဆက်သွယ်ပေးပါရန်။ )

နောက်ဆက်တွဲ ၄။
နိုင်ငံတော်သမ္မတရုံးမှ ရွာသားများဆီသို့ပြန်စာပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သုတေသန၊ သတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကြီး

စာအမှတ်၊ ၅(၅၃-ဧ)(၂၀၅၈) / ၆ / သမ္မတရုံး
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်

သို့
ဦးဂမ်ဖန်
နမ့်ခမ်းကျေးရွာ
ဟူးကောင်းချိုင့်ဝှမ်းဒေသ
တနိုင်းမြို့နယ်
ကချင်ပြည်နယ်။

**အကြောင်းအရာ။ တင်ပြစာ လက်ခံရရှိမှုအခြေအနေပြန်ကြားခြင်း**

၁။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ နမ့်ခမ်းကျေးရွာနေ ဦးဂမ်ဖန် (ပါ)ဒေသခံပြည်သူများက မိမိတို့ကျေးရွာနှင့်လယ်ယာမြေများကို သတ္တုတူးဖော်လုပ်ကွက် ချမှတ်ပေးခြင်းများ မပြုလုပ်ရန် **နိုင်ငံတော်သမ္မတ**ထံ ပေးပို့လာသော တင်ပြစာကို (၁၆-၁၀-၂၀၁၈) ရက်နေ့တွင် ဤရုံးမှ လက်ခံရရှိပါသည်။

၂။ အဆိုပါ တင်ပြစာနှင့်စပ်လျဉ်း၍ လိုအပ်သလို ဆက်လက်စိစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးမင်းထွေး၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
လက်ခံစာတွဲ

နောက်ဆက်တွဲ ၅။
ကချင်ပြည်နယ်လွှတ်တော်ရုံးမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်သို့ပေးစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်လွှတ်တော်ရုံး
ကချင်ပြည်နယ်

စာအမှတ်၊ ၂ / ၉- ၁/ လတ- ကချင်(၁၈၄၆)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်

သို့

ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

အကြောင်းအရာ။ **ဒေသခံစစ်ရှောင်ပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် မိမိတို့ကျေးရွာလယ်ယာမြေများ သတ္တုတူးဖော်လုပ်ကွက်ချမှတ်ပေးခြင်းများကို တားမြစ်ပိတ်ပင်ပေးနိုင်ပါရန် တင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ တနိုင်းမြို့နယ်၊ နမ်ခမ်းနှင့် အင်ဂါးဂါးကျေးရွာ၊ ဦးဂမ်ဖန်ပါ(၃၆၃)ဦး၏ (၁၂-၁၀-၂၀၁၈)ရက်စွဲပါ တင်ပြစာ

၁။ တနိုင်းမြို့နယ်၊ နမ်ဗျူ၊ နမ်ခမ်းနှင့် အင်ဂါးဂါးကျေးရွာများမှ ပြည်သူများသည် စစ်ဘေးဒဏ်ကြောင့် နေရပ်စွန့်ခွာခဲ့ရသဖြင့် လက်ရှိတွင် ခရစ်ယာန်ဘုရားကျောင်းဝင်းများနှင့် နီးစပ်ရာဆွေမျိုးသားချင်းနေအိမ်များတွင် ခိုလှုံနေရပါကြောင်း၊ ဒေသခံပြည်သူများ နေရပ်သို့ ဘေးကင်းလုံခြုံစွာ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်နိုင်ရေး၊ ၎င်းဒေသများရှိ မြေယာများပေါ်တွင် သတ္တုတူးဖော်လုပ်ကွက်ချမှတ်ပေးခြင်းများ မပြုလုပ်နိုင်ရေးနှင့် ဒေသခံပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ပါရန် ဦးဂမ်ဖန်ပါ(၃၆၃)ဦးမှ ရည်ညွှန်းပါစာဖြင့် အစိုးရအဖွဲ့ရုံးသို့လိပ်မူပြီး ဤရုံးသို့ မိတ္တူပေးပို့တင်ပြလာမှုအပေါ် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ **"အစိုးရအဖွဲ့ရုံးမှ အမြန်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေးရန်"**ဟု မှတ်ချက်ပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ် ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၈ အရ ဦးဂမ်ဖန်ပါ(၃၆၃)ဦး၏ တင်ပြလာမှုနှင့်ပတ်သက်၍ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ထားရှိမှုအခြေအနေအား ပြန်ကြားပေးနိုင်ပါရန် ညှိနှိုင်းပေးပို့အပ်ပါသည်။

**ပူးတွဲပါ-** တင်ပြစာ (၁)စောင် (၃၃)ရွက်

ဥက္ကဋ္ဌ (ကိုယ်စား)
(လှဦး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး)

**မိတ္တူ**

ဦးဇော်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တနိုင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)
ဦးဂမ်ဖန်ပါ(၃၆၃)ဦး၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ တနိုင်းမြို့နယ်
ရုံးလက်ခံ/ မျှောစာတွဲ

## နောက်ဆက်တွဲဇ။

## ပြည်သူ့လွှတ်တော်သို့ ပိတ်မိပြည်သူများလွတ်မြောက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ ပေးစာ

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

နေပြည်တော်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်။

အကြောင်းအရာ။ ။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ နန့်ကွမ်းရွာနှင့် ချောင်းဆုံ (တနိုင်းချောင်းနှင့် နန့်ကွမ်းချောင်းဆုံရာဒေသ) တို့တွင် ရွှေ့ပြောင်းအလုပ်သမား (၃၀၀၀) ကျော် ပိတ်မိနေခြင်း ကိစ္စနှင့် အဆိုပါ ရွှေပြောင်းအလုပ်သမား (၃၀၀၀) ကျော်တို့အနေဖြင့် တနိုင်းမြို့သို့ ရောက်ရှိလာနိုင်ရေးအတွက် ကူညီဆောင် ရွက်ပေးနိုင်ပါရန် တင်ပြခြင်း ကိစ္စ။

၁။ တနိုင်းမြို့နယ်တွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (KIO/KIA) တို့ကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေလျက် ရှိနေပါသည်။

၂။ အဆိုပါတိုက်ပွဲများကြောင့် ပယင်းမော်များတွင် လုပ်ကိုင်ရှာဖွေ အသက်မွေးလျက်ရှိကြသော ရွှေပြောင်းအလုပ်သမား (၃၀၀၀) ကျော်မှာ တပ်မတော်မှ စိစစ်ဟန့်တားလျက်ရှိနေပါသဖြင့် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ နန့်ကွမ်းကျေးရွာနှင့် ချောင်းဆုံ (တနိုင်းချောင်းနှင့် နန့်ကွမ်းချောင်း ဆုံရာဒေသ) တွင် ပိတ်မိနေကြောင်းကို မဲဆန္ဒရှင်ပြည်သူများမှ အသိပေး အကူအညီတောင်းလာပါသဖြင့် ကြားသိနေရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး အနေဖြင့် တနိုင်းမြို့နယ်၊ နန့်ကွမ်းကျေးရွာနှင့် ချောင်းဆုံ အရပ်တွင် ပိတ်မိနေသော နိုင်ငံသားများဖြစ်ကြသော ရွှေပြောင်းအလုပ်သမား (၃၀၀၀) ကျော်တို့အနေဖြင့် တနိုင်းမြို့သို့ လွယ်ကူချောမွေ့စွာ ရောက်ရှိလာနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

29/1/2018

| | |
|---|---|
| ဦးနောင်နဂျာတန် | ဦးလင်းလင်းဦး |
| အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| မဲဆန္ဒနယ်အမှတ် (၄)၊ ကချင်ပြည်နယ် | တနိုင်းမဲဆန္ဒနယ်၊ ကချင်ပြည်နယ် |

နောက်ဆက်တွဲ ၇။
လွှတ်တော်ကိုယ်စားလှယ်များမှ သမ္မတထံသို့ အဆိုပြုချက်စာ

သို့

နိုင်ငံတော်သမ္မတ

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧက်တင်ဘာလ( ၁၇ )ရက်

အကြောင်းအရာ။ ။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် ပယင်း၊ ရွှေသတ္တု တို့နှင့်စပ်လျဉ်း၍ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်ကို အမြန်ဆုံးခွင့်ပြု နိုင်ပါရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် အတွက်မေတ္တာရပ်ခံတင်ပြခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၁။ (၁၃-၇-၂၀၁၇)ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်း အဝေး(၃၀)ရက်မြောက်နေ့တွင် "ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့်ဖားကန့်မြို့နယ်တို့တွင် တရားမ ဝင်ရွှေမှော်နှင့်ပယင်းမှော်များတူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါ မဖြစ်ရအောင် သယံ ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက် ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"ကို တနိုင်းမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလင်းလင်းဦးမှ တင်သွင်းခဲ့ပြီး ဖားကန့်မဲဆန္ဒ နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်စိုးမှ ထောက်ခံခဲ့ပါသည်။ ၎င်းအဆိုအား ပြည်သူ့လွှတ် တော်မှ အတည်ပြုထားပါသည်။(ပူးတွဲ -၁)

၂။ ၎င်းအဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းမှ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် "ကချင်ပြည်နယ်၊တနိုင်းမြို့နယ် မှာ ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများအနေနဲ့ ပယင်းတူးဖော်ခွင့်၊ ရွှေသတ္တုအသေးစားနဲ့ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခွင့်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့က တရားဝင်လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် တရားမဝင်ရွှေနှင့်ပယင်း တူးဖော်မှုများ နောင်တွင်ဖြစ်ပွားခြင်း မရှိစေဖို့ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း -------" ဟု၍ ရှင်းလင်းခဲ့ပါသည်။ (ပူးတွဲပါ - ၂)

၃။ တနိုင်းမြို့နယ်အတွင်းရှိ ရွှေသတ္တုနှင့်ပယင်းထွက်ရှိရာဒေသများ(နန်ယွန် ၊ ဇီးဖြူကုန်း၊ တုံမကီ) တို့မှာ ယခင်အချိန်ကာလက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ KIO မှ ထိန်းချုပ်ထားသော်လည်း ယခု အခါတွင် တပ်မတော်မှ ထိန်းချုပ်ထားပြီဖြစ်ကြောင်းနှင့် အဆိုပါဒေသများတွင် ယခုအခါ၌ ရွှေသတ္တုနှင့်ပယင်းတို့ကို လူပုဂ္ဂိုလ်တချို့မှ တရားမဝင်တူးဖော်ဆောင်ရွက်နေကြောင်းကို နယ်မြေ

သတင်းများအရသော်လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူများမှ တင်ပြလာ၍သော်လည်းကောင်း၊ လူမှုကွန်ယက်များမှသော်လည်းကောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍

(က) နိုင်ငံတော်၏ သယံဇာတနစ်နာမှုမဖြစ်စေရေး၊

(ခ) နိုင်ငံသူ/သားများ၏ စားဝတ်နေရေးပြေလည်စေရေးနှင့် အလုပ်လက်မဲ့ပြဿနာနည်းပါးစေရေး၊

(ဂ) နိုင်ငံတော်မှ အခွန်ဘဏ္ဍာရရှိစေရေး စသောအချက်များကို ရှု၍

ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့်ဖားကန့်မြို့နယ်တို့တွင် ပယင်းရွှေသတ္တုတို့နှင့်စပ်လျဉ်း၍ အသေးစားနှင့်လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခွင့်ကို အမြန်ဆုံးခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတကြီးအား မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ပူးတွဲလျက်-

(၁) အဆို(မိတ္တူ)

(၂) ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းချက် (မိတ္တူ)

17/9/2018

| | |
|---|---|
| ဦးတင့်စိုး | ဦးလင်းလင်းဦး |
| ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| ဖားကန့်မဲဆန္ဒနယ် | တနိုင်းမဲဆန္ဒနယ် |

မိတ္တူ

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၊ နေပြည်တော်

၂။ ဥက္ကဋ္ဌ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၊ နေပြည်တော်

၃။ ဥက္ကဋ္ဌ၊ စီးပွားရေးရေးရာကော်မတီ၊ နေပြည်တော်

၄။ ပြည်ထောင်စုဝန်ကြီး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်

၅။ လက်ခံ

နောက်ဆက်တွဲ ၈။
ဤအစီရင်ခံစာအတွက် ပြုလုပ်ခဲ့သော အင်တာဗျူးများ

| စဉ် | ရက်စွဲ | အသက် | လိင် | အလုပ်အကိုင် | နေရပ် |
|---|---|---|---|---|---|
| ၁ | ၂၂-၁-၂၀၁၇ | ၆၂ | ကျား | CBO | ဖါရာဗွပ် |
| ၂ | ၂၂-၁-၂၀၁၇ | ၅၅ | ကျား | CBO | ဖါရာဗွပ် |
| ၃ | ၂၄-၁-၂၀၁၇ | ၄၀ | ကျား | တရားဟော ဆရာ | တနိုင်း |
| ၄ | ၂၄-၁-၂၀၁၇ | ၃၆ | ကျား | CBO | ကောင်ရာ |
| ၅ | ၂၄-၁-၂၀၁၇ | ၃၆ | ကျား | တရားဟော ဆရာ | အင်ဂါဂါ |
| ၆ | ၂၅-၁-၂၀၁၇ | ၆၉ | ကျား | ရွာမှ လူကြီးသူမ | တနိုင်း |
| ၇ | ၂၅-၁-၂၀၁၇ | ၆၀ | ကျား | ရွာမှ လူကြီးသူမ | တနိုင်း |
| ၈ | ၂၅-၁-၂၀၁၇ | ၅၉ | ကျား | ရွာမှ လူကြီးသူမ | တနိုင်း |
| ၉ | ဇန္နဝါရီ ၂၀၁၉ | ၄၀ | မ | ရွာသား | အင်ဂါဂါ |
| ၁၀ | ဇန္နဝါရီ ၂၀၁၉ | ၃၈ | မ | ရွာသား | နမ့်ဇော် |
| ၁၁ | ၁၈-၉ -၂၀၁၈ | ၃၄ | မ | ရွာသား | နမ့်စမ်း |
| ၁၂ | ၁၈-၉-၂၀၁၈ | ၃၂ | မ | ရွာသား | အင်ဂါဂါ |
| ၁၃ | ၁၈-၉-၂၀၁၈ | ၃၃ | မ | ရွာသား | နမ့်ဇော် |
| ၁၄ | ၁၈-၉-၂၀၁၈ | ၅၀ | မ | ရွာသား | ထန်ဘရာ |
| ၁၅ | ၁-၃-၂၀၁၉ | ၄၄ | မ | ရွာသား | နမ့်စမ်း |
| ၁၆ | ၂၀၁၈ | ၃၈ | ကျား | စီးပွားရေးသမား | ပယင်းဒေသ |
| ၁၇ | ၂၀၁၈ | ၄၀ | ကျား | ရွာသား | ပယင်းဒေသ |
| ၁၈ | ၂၀၁၈ | ၅၆ | ကျား | KIA | ပယင်းဒေသ |
| ၁၉ | ၂၀၁၈ | ၄၀ | ကျား | KIA | ပယင်းဒေသ |
| ၂၀ | ၂၀၁၇ | ၄၄ | ကျား | စီးပွားရေး သမား | ပယင်းဒေသ |
| ၂၁ | ၂၀၁၇ | ၅၀ | ကျား | စီးပွားရေး သမား | ပယင်းဒေသ |

# Endnotes

- The Bulletin of The Natural History Museum, Volume 56, Number 1, 29 June 2000.

- "The Amber Road: Cross-Border Trade and the Regulation of the Burmite Market in Tengchong, Yunnan," Alessandro Rippa and Yi Yang, Trans –Regional and

–National Studies of Southeast Asia, Vol. 5, No. 2, July 2017, pp. 243-267.

"The Amber Road: Cross-Border Trade and the Regulation of the Burmite Market in Tengchong, Yunnan," Alessandro Rippa and Yi Yang, Trans –Regional and

–National Studies of Southeast Asia, Vol. 5, No. 2, July 2017, pp. 243-267.

https://coconuts.co/yangon/news/conflict-threatens-myanmars-dwindling-tiger-population/

- https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/Index.aspx

- https://www.irrawaddy.com/news/burma/ongoing-offensives-tanai-leave-idps-trapped-warring-sides.html

- https://kdng.org/2001/07/15/tyrants-tycoons-and-tigers/

- http://www.kachinlandnews.com/?p=26817

- See https://www.scribd.com/document/7632100/Blood-Jade and https://www.globalwitness.org/en/campaigns/oil-gas-and-mining/myanmarjade/

ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့၏ အနာဂတ်၌မြင်ချင်သော မျှော်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ကချင်ပြည်နယ်ရှိလူထုအားလုံး ခန္ဓာပိုင်းအရ လုံခြုံရမည်နှင့် စစ်တပ်ရဲ့အကြမ်းဖက်မှုမှကင်းလွတ်စေရမည်။
- လူတိုင်းသည်သူတို့ရဲ့ဘဝမြင့်တက်လာမှုရှိစေရမည်။ဆင်းရဲချမ်းသာကွာဟနေမှုလျှော့နည်းရ မည်။
- သဘာဝသယံဇာတထုတ်ယူအသုံးပြုမှု၌ ဒေသခံများထိခိုက်နစ်နာမှုနည်းနိုင်သမျှနည်းစေရမည်နှင့် မျှတသော လျော်ကြေးများရရှိစေရမည်။
- လူတိုင်းသည် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေဖို့ရန် အဆင့်အတန်းရှိသော လူမှုဖူလုံရေးရရှိစေရမည်။
- လူတိုင်းသည် ကန့်သတ်ခံရခြင်းမရှိပဲ ဒေသအုပ်ချုပ်မှုအပိုင်းနှင့် ဆုံးဖြတ်ချက်ချသည့်အပိုင်း၌ ပါဝင်ခွင့် ရှိစေရမည်။
- ကချင်ပြည်နယ်ရှိသယံဇာတများထုတ်ယူအသုံးပြုမှု၌ ရှေ့အနာဂတ်ခေတ်အဆက်ဆက်၌ ရေရှည်အကြိုးအမြတ်ရှိနေအောင်ထုတ်ယူအသုံးပြုစေရမည်။

ထိုမျှော်မှန်းချက်များအား ရရှိစေဖို့ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ လုပ်ဆောင်နေသောလုပ်ငန်းများမှာ

- စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီပေါ် ထွက်လာစေဖို့ကူညီဆောက်ရွက်သွားရန်၊
- ဒေသခံများအားထိခိုက်လျက်ရှိသောလုပ်ငန်းများ၌ အကြံညာဏ်ပေးသွားဖို့နှင့် ပါဝင်လုပ်ရှားသွားဖို့ ရှိရာ အောက်ခြေမှအထက်သို့သွားသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များအကောင်အထည်ဖော်သွားရန်၊
- သယံဇာတထုတ်ယူအသုံးပြုမှု၌ ပွင့်လင်းမြင်သာမှုပိုရှိလာစေရန်နှင့် ဒေသခံများ၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သူများကြားဆောင်ရွက်သောဖွံ့ဖြိုးမှုလုပ်ငန်းများ ပွင့်လင်းမှုပိုရှိလာစေရန်၊
- ကချင်ပြည်နယ်ရှိသယံဇာတများအား ပိုင်ဆိုင်ခြင်းနှင့် သူတို့ရဲ့သယံဇာတများအား ကိုယ်တိုင် စီမံခန့်ခွဲခြင်းဖြင့် ဒေသခံများအကြိုးအမြတ်ရရှိလာစေရန်၊
- ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပါက
  - ၀ လူထုမှတိုက်ရိုက်ရွေးချယ်လိုက်သောပြည်နယ်အစိုးရမှ သဘာဝသယံဇာတထုတ်ယူအသုံးပြုခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုက်ရိုက်စီမံပိုင်ခွင့်ရှိစေရမည်နှင့် ဒေသခံများအား ဆုံးဖြတ်ပိုင်ခွင့် အာဏာရှိစေရမည်။
  - ၀ ပြည်နယ်အစိုးရသည် အကြီးစားစီမံကိန်းများနဲ့ပတ်သက်ပြီး ထိခိုက်နစ်နာသောလူထုများမှ ဒေသခံများသဘောတူညီမှုရှိမရှိ သိရှိစေဖို့အလို့ငှာ လူထုဆန္ဒခံယူပွဲပြုလုပ်ပိုင်ခွင့်ရှိစေရမည်။
  - ၀ သဘာဝသယံဇာတများမှ ပြည်နယ်အစိုးရ ကောက်ခံရရှိသည့် အခွန်ငွေများနှင့် ဘဏ္ဍာငွေများအား ပမာဏအများဆုံးအား ဒေသခံများအား ဦးစားပေးရမည့်ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်၌ ထားရှိစေရမည်။
  - ၀ ကချင်ပြည်နယ်အုပ်ချုပ်ရေး သို့မဟုတ် ဒေသအဆင့်အစိုးရမှ ကချင်ပြည်နယ်ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့်လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများအတွက်လုပ်ဆောင်ရာ သဘာဝသယံဇာတများမှအခွန်ငွေများ ဘဏ္ဍာငွေများဖြင့် အကောင်အထည်ဖော်လုပ်ဆောင်စေရမည်။

KDNG

Kachin Development Networking Group

## ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ရက်အဖွဲ့ (Kachin Development Networking Group-KDNG)

ကချင်လူမှုဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ KDNG ကို ၂၀၀၄ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ကချင်ပြည်နယ်အတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး၊ တန်းတူညီတူရှိရေးနှင့် တရားမျှတရေးကိုမြင့်တင်ပေးနိုင်ရန် အလို့ငှာ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ပုံနှိပ်ထုတ်ဝေသည်။ သီးသန့်ဖော်ပြထားခြင်းမရှိပါက ဓါတ်ပုံများအားလုံးသည် KDNG ၏ ဓါတ်ပုံများဖြစ်သည်။ KDNG အနေဖြင့် ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးသော လူပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူးတင်ပါသည်။

မျက်နာဖုံး ဓါတ်ပုံ။ မြစ်ကြီးနား ဈေးအတွင်းရှိသွေးပယင်း၊ တနိုင်းရှိ ကချင်ပြည်သူများ၏ ရိုးရာမနောပွဲ၊ စွန့်ပစ်ထားသည့် နမ့်ဇျူ-နမ့်ခမ်း ကျေးရွာ၊ အလံဖြူတစ်ခုသာ အကာအကွယ်ပါပြီး ထိုးစစ်ကိုရှောင်ပြေးကြသူများ။

KDNG

Kachin Development Networking Group

**Kachin Development Networking Group**

**www.kdng.org**